# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၃၈)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၃၀-၇-၂၀၂၄၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

## စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများတည်ထောင်ဆောင်ရွက်

## ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့်စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသကဲ့သို့ အရည်အသွေးပြည့်မီသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မိမိတို့အစိုးရအနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေ စိုးမိုးရေးကိစ္စရပ်များ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပြောကြားသွား မည်ဖြစ်ကြောင်း။

စာမျက်နှာ ၃ သို့ ☆

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၉

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း

အသက်အရွယ်ရလာသောအခါ အရိုးသန်မာစေရန် သင့်လျော်သော အစားအစာ စားသုံးပေးနိုင်

စာမျက်နှာ ၇

လူထုဒေါ်အမာ၊ ရွှေကိုင်းသား၊ သိပ္ပံ-မောင်ဝနှင့် ဦးဖြိုး ရှထောင့်စုံအမြင် (ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၃၀ ရက် ၊ အင်္ဂါနေ့ ။

## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး သင်တန်းများသင်ကြားပေးလျက်ရှိ

ဒေသခံပြည်သူများအနေဖြင့် အိုးမကွာ၊ အိမ်မကွာနှင့် မိသားစုဝင်ငွေတိုးပွားရေးဆောင်ရွက်နိုင်ပြီး ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်မှုမရှိသည့် လူငယ်လူရွယ်များကို အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်စေပြီး ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး။ ပြည်နယ်များရှိ ကျေးရွာပေါင်း (၂၂၁)ရွာကို ရွေးချယ်ပြီး ဝင်ငွေတိုးစီမံကိန်းသင်တန်းများကို ဖွင့်လှစ်ရာတွင် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော သင်တန်းများကိုသာ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ကြာအင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်သည့် လျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်းတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခုသင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားခြင်းကို စိတ်ပါဝင်စားပြီး ထူးချွန်သူ၊ အမှန်တကယ်လုပ်ငန်းထူထောင်လိုသူ (၅)ဦးကို စနစ်တကျ ရွေးချယ်ကာ သင်တန်းဆင်းသည့်အခါ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် လက်သုံးကိရိယာများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ အမှန်တကယ် လိုအပ်သည့် သင်တန်းအမျိုးအစားအဖြစ် ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန် လိုအပ်ကြောင်း၊ လိုအပ်သည့်အရင်းအနှီး မတည်ပေးပြီး လုပ်ငန်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်စဉ် လိုအပ်ချက်များကိုလည်း ဌာနမှ ချိတ်ဆက်ပေါင်းစပ်ကူညီပေးရန်နှင့် စောင့်ကြည့်အကဲဖြတ်ရန် လိုအပ်ကြောင်း၊ မတည်ထောက်ပံ့ပေးထားသည့် လုပ်ငန်းသုံးပစ္စည်းများကို အသုံးချခြင်းရှိ၊ မရှိ၊ အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ရမှာဖြစ်ကြောင်း၊ လုပ်ငန်းအောင်မြင်ပြီး အမှန်တကယ် မိသားစုဝင်ငွေတိုးရန် ဌာနအနေဖြင့် ကူညီပေးသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယခုဖွင့်လှစ်သောသင်တန်းတွင် သင်တန်းသား(၁၂)ဦးအား လျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်းကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ ဇူလိုင်လ ၂၉ ရက်နေ့မှ ဩဂုတ်လ ၂၇ ရက်နေ့အထိ (၁) လကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ် လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား (၅) ဦးကို သတ်မှတ်ချက်များနှင့်ရွေးချယ်ပြီး လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ပုံမှန်ဖွင့်လှစ်လျက်ရှိသည့် ကာလတိုသင်တန်းများအပြင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပိဋကတ်သုံးပုံ မြန်မာပြန်ကျမ်းမြတ်စာအုပ်များ လှူဒါန်း



**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)သို့ မန္တလေးမြို့နေ အလှူရှင် ဒေါ်ကျော့မေနိုင်၏ အသက် (၄၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ပိဋကတ်သုံးပုံမြန်မာပြန် ကျမ်းစာအုပ် ၄၂အုပ်၊ ကာလတန်ဖိုး ငါးသိန်းသုံးသောင်းရှိ စာအုပ်များကို ယမန်နေ့က ပေးအပ်လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တတိက္ခကိုယ်စား ဘဒ္ဒန္တပညာလင်္ကာက လက်ခံရယူ၍ ဆရာတော်ထံမှ ရေစက်ချတရားအား ခံယူဆောက်ကြသည်။

ဝါတွင်းကာလကျရောက်ပြီဖြစ်ပါ၍ ဝါဆိုဆန်၊ ဝါဆိုသင်္ကန်းများ လှူဒါန်းလိုပါက နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး ဖုန်းနံပါတ် ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၉၇၅၇၆၄၃၂၁ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၉)

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်ရှိ ကိုးနဝင်းဓမ္မာရုံ၌ ကျင်းပရာ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် (၂) ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာသူများအား "ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၂၀၂၄" လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

(၀၃၇)

၀-၀-၀-၀-၀



## အာမခံအကြောင်း သိကောင်းစရာ ဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် မြန်မာ့အာမခံလုပ်ငန်း(မိတ္ထီလာခရိုင်ရုံး)နှင့် ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်သည့် အာမခံအကြောင်းသိကောင်းစရာ ဟောပြောပွဲကို ဇူလိုင်လ ၂၈ ရက် နံနက် ၉နာရီခွဲက ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သည်။

အာမခံအကြောင်း သိကောင်းစရာဟောပြောပွဲတွင် မြန်မာ့အာမခံလုပ်ငန်း (မန္တလေးတိုင်းဒေသကြီးရုံး)မှ တိုင်းဒေသကြီးမန်နေဂျာ ဒေါ်နီနီအေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာ့အာမခံလုပ်ငန်း (မိတ္ထီလာခရိုင်ရုံး)မှ ခရိုင်တာဝန်ခံ ဦးဌေးလွင်က မြန်မာအာမခံလုပ်ငန်းမှ ဆောင်ရွက်နေသည့် အာမခံလုပ်ငန်းအကြောင်းကို ပြည်သူတွေ သိရှိစေရန် ယခုလို ဟောပြောပွဲများ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြည်သူတွေ အာမခံအကြောင်း နားလည်သိရှိပြီး အာမခံအကာအကွယ်တွေကို ယူထားရင် အသက်အာမခံထားလို့ရှိရင် အသက်အိုးအိမ်စည်းစိမ်တွေ လုံခြုံမှုရှိတယ်ဆိုတာ သိရှိအောင် ကျင်းပခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အာမခံကိုယ်စားလှယ် ဦးထွန်းထွန်းဇော်က အာမခံအကြောင်းနှင့် ကိုယ်စားလှယ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အာမခံအမျိုးအစားအသစ် MI's Health Care အကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသောသူများက အာမခံလုပ်ငန်းအကြောင်း သိလိုသည်များကိုမေးမြန်းရာ မြန်မာ့အာမခံလုပ်ငန်း(မိတ္ထီလာခရိုင်ရုံး)မှ ခရိုင်တာဝန်ခံ ဦးဌေးလွင်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ မြန်မာ့အာမခံလုပ်ငန်း(မိတ္ထီလာခရိုင်ရုံး)မှ ခရိုင်တာဝန်ခံက မော်တော်ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ မိတ္ထီလာမြို့နယ် ရေတွင်းဖြူကျေးရွာမှ ဦးမြင့်ဆွေကို သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးငွေ ၁၅၃၆၀၀၀ ကျပ်အား ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာမခံအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြန်မာ့အာမခံလုပ်ငန်း (မန္တလေးတိုင်းဒေသကြီးရုံး)မှ တိုင်းဒေသကြီးမန်နေဂျာ ၊ မြန်မာ့အာမခံလုပ်ငန်း(မိတ္ထီလာခရိုင်ရုံး)မှ ခရိုင်တာဝန်ခံနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာမခံကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)



## သွေးလွန်တုပ်ကွေး ကာကွယ်ရေး အဘိတ်ဆေးခတ်

**ရေနံချောင်း ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရေး ပိုးလောက်လမ်းနှင့် ခြင်ပေါက်ပွားမှုမရှိစေရန် ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့မမြောက်ရပ်ကွက်နှင့် မြို့မတောင်ရပ်ကွက်တို့တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်တို့ ပူးပေါင်းကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၇၂)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မိမိတို့ နိုင်ငံအနေဖြင့် စားသောက်ကုန်များကိုသာမက အခြားလူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လို
# စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်

- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်
- ယင်းလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်း၏ လူမှုဘဝများ ဖွံ့ဖြိုးရေးကို အမှန်တကယ်ဆောင်ရွက်နိုင်မည်
- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များလည်း လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်ပေးရန်လို
- အနည်းဆုံး အလယ်တန်းအဆင့်တတ်မြောက်ရန်လိုအပ်သဖြင့် KG+9 အထိ မဖြစ်မနေ တက်ရောက်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်

☆ ရှေ့ဖုံးမှ

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး**

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများ စီးပွားရေးတိုးတက်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံများရှိ အစိုးရများအနေဖြင့် ပြည်သူများ၏ စီးပွားရေးတိုးတက်မှုကို လိုလားကြသဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့်လည်း နိုင်ငံ့စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရာတွင်လည်း စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးများလည်း ပါဝင်ကြောင်း။

ပြီးခဲ့သည့် ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်ခဲ့မှုများ ရှိခဲ့သကဲ့သို့ နယ်စပ်ဒေသမှလည်း ကုန်သွယ်မှုများ ဆောင်ရွက်ခဲ့ပြီး ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာရှိခဲ့ကြောင်း၊ သို့သော် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ ရှိနေသည်ကိုလည်း နေ့စဉ်သိရှိနေရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေလျက် ရှိခြင်းကြောင့် ကုန်သွယ်မှုနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ လမ်းခရီး၌ မလိုလားအပ်သည့် ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို အဟန့်အတားဖြစ်စေမည့် လုပ်ဆောင်မှုများမရှိအောင် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း။

ကုန်သွယ်မှုများ ဆောင်ရွက်ရန်အတွက် ထုတ်ကုန်ပစ္စည်းများရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆန်ဖူလုံမှုကိုသာမက ပြည်ပပို့ကုန်များကိုလည်း ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

**ကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်**

စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မှသာလျှင် ကုန်ပစ္စည်းများ များစွာရရှိမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကိုလည်း ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဆီထွက်သီးနှံတွင် မြေပဲနှင့်နှမ်းတို့ကို ရိုးရာမုန့်ပဲသရေစာအနေဖြင့်လည်း စားသုံးသကဲ့သို့ ပြည်ပသို့ကုန်ကြမ်းများအတိုင်း တင်ပို့ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မြေပဲ၊ နှမ်းတို့အပြင် အခြားဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပဲပုပ်၊ ဆီအုန်းတို့ကိုလည်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာဟင်းလျာတွင် မပါမဖြစ် သီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်၊ အာလူးစသည့် အခြေခံစားကုန်သီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်များအတိုင်းထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း အဓိကစားသုံးသည့် အသားများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်နှင့် နွားများကိုလည်း စနစ်တကျဖြင့် ကျွေးမွေးခြင်း၊ ခြံလှောင်မွေးမြူ ဆောင်ရွက်သွားပါက အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အထွက်နှုန်းများတိုးတက်စေရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရန်နှင့် ဒေသန္တရ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြားနိုင်ငံများမှ လုပ်ဆောင်လျက်ရှိသည့် အထွက်နှုန်းတိုးစေမည့် နည်းလမ်းများကိုလည်း အတုယူဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို အခြေခံ၍ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်း၏ လူမှုဘဝများ ဖွံ့ဖြိုးရေးကို အမှန်တကယ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များလည်း လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ အနည်းဆုံး အလယ်တန်းအဆင့် တတ်မြောက်ရန်လိုအပ်သဖြင့် KG+9 အထိ မဖြစ်မနေတက်ရောက်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဆက်လက်တက်ရောက်ပညာသင်ကြားနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်စွာ အောင်မြင်မည်ဆိုပါက တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်နိုင်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်များစွာ လိုအပ်လျက်ရှိနေသေးကြောင်း၊ ထို့ကြောင့်နိုင်ငံအတွက် ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် တိုးတက်လျက်ရှိသည်ကိုလည်း တွေ့ရကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် SME လုပ်ငန်းများကို ကဏ္ဍများစွာ၌ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသောက်ကုန်များကိုသာမက အခြားလူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်သွားရန်မှာကြားလိုကြောင်း။

**ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်အောင်ကြိုးပမ်း**

ဝါစိုက်ပျိုးရေးနှင့် ပတ်သက်၍ ပြည်တွင်းမှထွက်ရှိသည့် ဝါဂွမ်းကို ပြည်ပသို့တင်ပို့မှုမပြုဘဲ ပြည်တွင်း၌အဆင့်မြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဝါမှဝါဂွမ်း၊ လင်တာဂွမ်း၊ ဝါစေ့မှဝါစေ့ဆီကို ထုတ်လုပ်နိုင်ပြီး ဝါစေ့ကြိတ်ဖတ်များကို တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်နိုင်သဖြင့် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ ဝါဂွမ်းမှ အဆင့်မီသည့်ချည်များကို ထုတ်လုပ်နိုင်ပြီး ထိုမှတစ်ဆင့် ချည်ထည်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် ချည်ထည်စက်မှုလုပ်ငန်းကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဝါကိုအဓိကစိုက်ပျိုးကြသဖြင့် အဆိုပါတိုင်းဒေသကြီးများမှ ထွက်ရှိသည့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ပြီး ဝါဂွမ်းရောင်းချသည့်အဆင့်မှ အဆင့်မီသည့် ချည်နှင့် ချည်ပိတ်များကို ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဝါစိုက်ပျိုးမှုမှရရှိသည့် အကျိုးကျေးဇူးမှာ များစွာကြီးမားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အဆိုပါဒေသကြီးများအနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း များစွာရရှိလာမည်ဖြစ်ကြောင်း။

ရေထွက်ပစ္စည်းများသည် မိမိတို့နိုင်ငံအတွက် အထိုက်အလျောက်ဝင်ငွေရရှိကြောင်း၊ မွေးမြူခြင်းနှင့် ဖမ်းဆီးခြင်းနှစ်ခုရှိပြီး ရေထွက်ပစ္စည်းများမှ ဝင်ငွေများ ပိုမိုရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေသယံဇာတ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်**

ယခုနှစ်ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ၉၂ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိကြောင်း၊ ဖွင့်လှစ်ထားသည့်ကျောင်းများ ဆက်လက်ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း အချိန်ပိုများသင်ကြားပေးပြီးကလေးငယ်များ အမှန်တကယ် စာတတ်မြောက်စေရေး သင်ကြားပေးရန်လိုကြောင်း။

မိမိတို့နိုင်ငံသားအများစုသည် ဝင်ငွေအလယ်အလတ်တန်းရှိသူများနှင့် ဝင်ငွေနည်းကြသူများဖြစ်ကြကြောင်း၊ အစိုးရကျောင်းများ၌ ပညာသင်ကြားနေကြသူအများအပြားရှိကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်ယူထားရသူများအနေဖြင့် အတန်းအောင်ရန် အဓိကမဟုတ်ဘဲ ပညာတတ်အောင် သင်ကြားပေးရန်လိုကြောင်း၊ ဆရာ၊ ဆရာမများကို ခန့်အပ်တာဝန်ပေးအပ်ရာတွင် လိုအပ်သည့် သင်တန်းများကို ပြီးမြောက်ပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဒေသအလိုက် တာဝန်ထမ်းဆောင်နေကြသည့် သင်ကြားရေးဆိုင်ရာဝန်ထမ်းများ၏ အခြေခံလိုအပ်ချက်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားရေးတာဝန်များကိုလုံခြုံအေးချမ်းစွာဖြင့် ထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အစိုးရအနေဖြင့်လည်း ပညာရေးဝန်ထမ်းများအား ရသင့်ရထိုက်သည့် အခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ ကလေးငယ်များကို အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း။

တစ်ဆက်တည်းပြောရမည်ဆိုပါက ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် လစာအပြင် ထောက်ပံ့ကြေးများကိုလည်း တိုးမြှင့်ခံစားစေလျက်ရှိကြောင်း၊ အငြိမ်းစားဝန်ထမ်းများကိုပါ ထောက်ပံ့ကြေးတိုးမြှင့်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းခန့်အပ်မှုများနှင့်ပတ်သက်၍လည်း လိုအပ်သည့်အင်အားကိုသာ စိစစ်ခန့်အပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးဝန်ထမ်းများကို မဖြစ်မနေခန့်အပ်သွားရန်မှာကြားထားပြီးဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ပညာရေးဝန်ထမ်းများကို ပြည့်မီစွာခန့်အပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ သင်ကြားရေးဆိုင်ရာ အဆောက်အအုံများကိုလည်း လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ကျန်းမာရေးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိ**

ကျန်းမာရေးပိုင်းနှင့် ပတ်သက်၍ မိမိတို့စတင်တာဝန်ယူစဉ်ကာလအတွင်း ကိုဗစ် - ၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲ၊ အကျပ်အတည်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့၏ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ကျန်းမာရေးပိုင်းတွင် ဝန်ထမ်းများ ပြည့်မီစွာခန့်အပ်နိုင်ရေးနှင့် ဆေးပစ္စည်းများ ပြည့်စုံမှုရှိစေရေး မိမိတို့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း အထူးရန်ပုံငွေမှ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးရုံအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊

စာမျက်နှာ ၄ သို့ ☆

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဇူလိုင် ၂၉

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော် ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ၇ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေး ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသော ရေကန်များကိုလည်း ဆက်လက်၍ တူးဖော် ထိန်းသိမ်း ကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ (ဖုန်း ၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.06713906701442701 တို့သို့ ပေးပို့ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

☆ စာမျက်နှာ ၃ မှ

“ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်”၊ “လူ့အသက်ထက်အရေးကြီးသည်မှာ ဘာမှမရှိ”၊ “ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်”စသည့်မူဝါဒများဖြင့် ကျန်းမာရေးပိုင်းကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**တရားဥပဒေစိုးမိုးရေး**

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့် ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မှုခင်းလျော့နည်းကျဆင်းရေးအတွက် လိုအပ်သည့် အသိပညာပေးမှုများကိုလည်း ဖိဖိစီးစီးဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း၊ အမှုအခင်းများဖြစ်ပွားမှုအများစုမှာ အသိပညာ အားနည်းခြင်းနှင့် ငွေကြေးအခက်အခဲများကို မမှန်ကန်သည့် နည်းလမ်းများဖြင့်ဖြေရှင်းနိုင်ရန် ကြိုးပမ်းခြင်းတို့ကြောင့် ဖြစ်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် အမှုအခင်းဖြစ်ပွားမှု များပြားသည့်ဒေသများ၌ ဥပဒေပိုင်းဆိုင်ရာ အသိပညာပေးမှုများ၊ ထိန်းသိမ်းကြပ်မတ်မှုများကို ထိထိမိမိ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဒေသတွင်း၌ ဘေးကင်းလုံခြုံစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ အခြေခံဥပဒေဆိုင်ရာ အသိအမြင်များရရှိစေရေး ပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် အထူးသဖြင့် KG+ 11 နှင့် KG+12 ကျောင်းသားကျောင်းသူများအား ဥပဒေဆိုင်ရာအခြေခံများကို သိရှိနိုင်ရေးအတွက်လည်း ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးသွားရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးသွားမည်ဆိုပါက မှုခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာအောင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှု**

အထွေထွေပိုင်းနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အထက်အောက်ဆက်ဆံရေးကောင်းမွန်ရန်နှင့် မိမိတို့ တာဝန်ယူထားရသည့် လုပ်ငန်းရပ်များအလိုက် တာဝန်ကို ကျေပွန်အောင် ကြည်သာရွှင်ပျစွာဖြင့် ထမ်းဆောင်နိုင်ရေး အတူတကွပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် အကြီးအကဲများအနေဖြင့်လည်း ဝန်ထမ်းများအား ကိုယ်ချင်းစာတရားဖြင့် သာတူညီမျှ အုပ်ချုပ်ကြရန်လိုပြီး သက်ဆိုင်ရာဌာနများအလိုက် တာဝန်ထမ်းဆောင်မှုများ ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်နှင့် ဌာနအတွင်းမျှတမှုများရှိအောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံကာ ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ကိုယ်ရေးကိုယ်တာ အခက်အခဲများကို သိရှိအောင်ဆောင်ရွက်ပြီး တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးများကိုလည်း မြှင့်တင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည့် ကွပ်ကဲကြပ်မတ်မှုများလည်း ရှိရမည်ဖြစ်ကြောင်း။

**ဆီ၊ က၊ ရေး၊ တီးပြိုင်ပွဲနှင့် အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရရှိစွာဖြင့် ကျင်းပပြုလုပ်သွားမည်**

လာမည့် အောက်တိုဘာလတွင် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီဇင်ဘာလတွင် အမျိုးသားအားကစားပြိုင်ပွဲကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အခမ်းအနားကျင်းပသည် ဆိုသည်ထက် အနှစ်သာရရှိသည့် ယှဉ်ပြိုင်မှုအရည်အသွေးကို ဖော်ပြနိုင်ရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲများကျင်းပရာတွင် ညီညွတ်မျှတသည့် ယှဉ်ပြိုင်မှုဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ဆိုကရေးတီးပြိုင်ပွဲသည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် အမျိုးသားရေး စရိုက်လက္ခဏာကို ဖော်ကျူးရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အမျိုးသားအားကစားပြိုင်ပွဲ ကျင်းပရာတွင်လည်း ခမ်းနားထည်ဝါမှုထက် အရည်အသွေးရှိပြီး အဆင့်အတန်းရှိရှိဖြင့်

> ☆ **အခြေခံပညာအောင်မြင်ပြီးမြောက်သူများသည် မိမိတို့ သင်ကြားတတ်မြောက်ခဲ့သည့်ပညာရပ်များကို ၎င်းနယ်ပယ်၌သာ ပြန်လည်အသုံးချရန်လိုအပ်**
>
> ☆ **နိုင်ငံအတွက် ပညာရှင်လူငယ်များလိုအပ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံအတွက် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်**

ယှဉ်ပြိုင်ကစားနိုင်သော အားကစားပြိုင်ပွဲဖြစ်စေလိုကြောင်း၊ အဆိုပါပြိုင်ပွဲနှစ်ခုစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များအနေဖြင့် အဆင့်အတန်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ တရားမျှတသည့် ယှဉ်ပြိုင်မှုဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ခေတ်အဆက်ဆက်၌ အစိုးရများအနေဖြင့် စီးပွားရေးစနစ်အမျိုးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခု ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရကပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းနှင့် အစိုးရက ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများရှိကြောင်း၊ ယင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သမဝါယမစနစ်သည် သင့်လျော်သည့် စနစ်တစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို မျိုး၊ မြေ၊ ရေ၊ နည်း(၄)ချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင် ဆောင်ရွက်သွားစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသကဲ့သို့ အရည်အသွေးပြည့်မီသည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာအောင်မြင်ပြီးမြောက်သူများသည် မိမိတို့ သင်ကြားတတ်မြောက်ခဲ့သည့် ပညာရပ်များကို ၎င်းနယ်ပယ်၌သာ ပြန်လည်အသုံးချရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် ဆေးပညာ၊ နည်းပညာ၊ ကွန်ပျူတာ၊ စီးပွားရေးနှင့် ဥပဒေဆိုင်ရာ ပညာရှင်များစွာလိုအပ်သည့်အတွက် သက်ဆိုင်ရာကျောင်းများနှင့် တက္ကသိုလ်များက သင်ကြားမွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်လူငယ်များလိုအပ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံအတွက် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် အဆောက်အအုံဆိုင်ရာ လိုအပ်ချက်များရှိကြောင်း၊ ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လည်း တပ်ဖွဲ့ဝင်များအတွက် ဝန်ထမ်းအိမ်ရာများ လိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ၎င်းတို့တာဝန်ထမ်းဆောင်ရာ ဧရိယာအတွင်း၌ ဝန်ထမ်းအိမ်ရာများ မဖြစ်မနေ ဆောက်လုပ်ပေးရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံတော်နှင့် ပတ်သက်၍ အကြောင်းကိစ္စရပ်များရှိပါက အချိန်မီတင်ပြကြရန်နှင့် မူဝါဒနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



## အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်

နေပြည်တော် ဇူလိုင် ၂၉

အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်း တို့ဖြင့် ဩဂုတ် ၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





# မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်း၌ အဋ္ဌမအကြိမ် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (အဋ္ဌာရသမ)စုံညီအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး၊ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်း၌ အဋ္ဌမအကြိမ် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (အဋ္ဌာရသမ)စုံညီအစည်းအဝေးကို ယနေ့နက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ၁၃ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။




ဦးစွာ အဋ္ဌမအကြိမ် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (အဋ္ဌာရသမ)စုံညီအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော တိုင်းဒေသကြီး သံဃနာယက ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို ဖတ်ကြား၍ အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း လျှောက်ထားပြီးနောက် သာသနဿ စ လောကဿ စသော နှစ်ဂါထာကို ရွတ်ဆို၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသက သာရဏီယဩဝါဒကထာ မိန့်ကြားတော်မူခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒများခံယူကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူခဲ့ကြကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အမှူးပြုပြီး အဋ္ဌမအကြိမ် တိုင်းဒေသကြီး သံဃနာယအဖွဲ့(အဋ္ဌာရသမ) စုံညီအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

---

## ဗာနဆိုင်ရာ ဝန်ထမ်းမိသားစုများ၏ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**ဂန့်ဂေါ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက မြောက်ကုန်းရပ်ကွက် သမိုင်းဝင်ရွှေပြည်ဆိပ်ဦး ဘုရားအနီးရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် လယ်တီကျောင်းဆရာတော် ဘဒ္ဒန္တတိက္ခသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇဋိလ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းနှင့်ဇနီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့်ဇနီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် စေတနာရှင်ပြည်သူများက ပင့်ဖိတ်ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော် ၁၄ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ဝဲပုံ)**



ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြို့ခင်းသာတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဋိလထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

---

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ရပ်ကွက်နှင့် ကျေးရွာများရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါစာအုပ်လှူဒါန်းပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ စာကြည့်တိုက် ၅၁ တိုက်မှ စာကြည့်တိုက်တာဝန်ခံများထံသို့ စာအုပ်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြပြီး မြာရေဝေကျေးရွာ ဒေါ်မြစိန် စာကြည့်တိုက်တာဝန်ခံ ဦးမင်းလွင်က ကျေးဇူးတင်စကားပြောကြားသည်။

မိတ္ထီလာခရိုင်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက် တစ်တိုက်လျှင် သုတရသစာအုပ် ၂၀ အုပ်နှုန်းဖြင့် မိတ္ထီလာမြို့နယ်တွင် စာကြည့်တိုက် ၅၁ တိုက်၊ သာစည်မြို့နယ်တွင် စာကြည့်တိုက် ၆၀ တိုက်၊ မလှိုင်မြို့နယ်တွင် စာကြည့်တိုက် ၃၂ တိုက်နှင့် ဝမ်းတွင်းမြို့နယ်တွင် စာကြည့်တိုက် ၁၅ တိုက်တို့အတွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) (၄၅၃)**







# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျုံးအတွင်း ရေဖြည့်သွင်းနိုင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ကျုံးအတွင်းသို့ ရေဖြည့်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်နေသည့်လုပ်ငန်းများအနက် အောင်မြေသာစံမြို့နယ်ရှိ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ လမ်း ၈၀ နှင့် ၁၀ လမ်းထောင့်ရှိ ပိုက်လိုင်းမှ ကျုံးအတွင်း ဧရာဝတီမြစ်ရေ ဖြည့်သွင်းရန် ဆောင်ရွက်နေမှုနှင့် ပုလဲငွေရောင်ရပ်ကွက်၊ လမ်း ၈၀၊ ၂၂လမ်းနှင့် ၂၁ လမ်းကြားရှိ စာတိုက်ကြီး ရေပေးဝေရေးဝင်း စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးရာဝန်ကြီး ဦးကျော်ဆန်းက ၁၂ လက်မ ရေပိုက်လိုင်းကြီးများ သွယ်တန်း၍ ဧရာဝတီမြစ်ရေရယူပြီး ကျုံးအတွင်း ရေဖြည့်သွင်းနိုင်ရန်နှင့် မန္တလေးတောင်ပေါ်သို့ ရေပို့လွှတ်စနစ် အလှည့်ကျဆောင်ရွက်နိုင်ရန် ဂိတ်ဘားများ၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ တပ်ဆင်သွယ်တန်းနေမှု အခြေအနေများကိုလည်းကောင်း၊ စာတိုက်ကြီးရေပေးဝေရေးဝင်းအတွင်း အချင်း ၁၂ လက်မ စက်ရေတွင်း ၄ တွင်း တူးဖော်၍ ကျုံးအတွင်းသို့ ရေဖြည့်သွင်းရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်းက ရေအရင်းအမြစ်မျိုးစုံမှ ရေများရယူ၍ ရေတွန်းစက်ရုံများမှတစ်ဆင့် မြို့နေလူထု သောက်သုံးရေအတွက် နေ့စဉ်ရေဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် ကျုံးအတွင်း ရေဖြည့်သွင်းနိုင်ရန် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က



ကျုံးအတွင်း ရေဖြည့်သွင်းခြင်းလုပ်ငန်း အမြန်ဆုံး စတင်ဆောင်ရွက်သွားရန်နှင့် မြို့နေလူထု သောက်သုံးရေရရှိရေး အလေးအနက်ထားဆောင်ရွက်ရန် တို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုထိန်းချုပ်ရေး ကွင်းဆင်းဆောင်ရွက်

**တံတားဦး ဇူလိုင် ၂၉**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ပြည်သူလူထုအခြေပြု သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုထိန်းချုပ်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက တံတားဦးမြို့ အမှတ်(၃)ရပ်ကွက် မကျီးတောရပ်တွင် ဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြသည်။

သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုဟန့်တားနိုင်ရန်အတွက် လိုအပ်သော ဖုံး၊ သွန်၊ လဲ၊ စစ်ကာကွယ်ရေးလုပ်ငန်းများ အပါအဝင် ပိုးလောက်လမ်း ရှာဖွေစစ်ဆေးခြင်း၊ ရေလှောင်ကန်များအတွင်း ပိုးလောက်လမ်းသေစေနိုင်သော အဘိတ်(Abate) ခတ်ပေးခြင်း၊ ရေလှောင်ကန်များအတွင်း လောက်လမ်းစား ငါးထည့်ခြင်း၊ ခြင်ပေါက်ပွားနိုင်အောင်းနိုင်သော နေရာများအား ရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာများ အသုံးပြု၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် Fever Surveillance ဆောင်ရွက်ခြင်းများ အစရှိသောကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နွယ်နွယ်ဦးက ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး၊လူကြီးမရွေး၊ ကျား၊ မမရွေး ဖြစ်ပွားနိုင်ပါကြောင်း၊ သွေးလွန်တုပ်ကွေး မဖြစ်ပွားနိုင်ရန် ပိုးလောက်လမ်းဘဝမှာ နှိမ်နင်းခြင်းသည် ပိုပြီးလွယ်ကူကြောင်း၊ ထိုရောဂါကို ကာကွယ်ရန် ခြင်ကိုက်မခံရအောင် နေထိုင်ခြင်း၊ အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် တို့ကို ဝတ်ဆင်ခြင်း၊ ပြည်သူများ အနေဖြင့် အိပ်စက်အနားယူသည့် အချိန်တွင် ခြင်ထောင်ဖြင့် အိပ်စက်အနားယူသင့်ကြောင်း၊ ထို့အပြင် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အဆိုပါရောဂါမှ ကင်းဝေးမည်ဖြစ်ကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**

## အသက်အရွယ်ရလာသောအခါ အရိုးသန်မာစေရန် သင့်လျော်သောအစားအစာ စားသုံးပေးနိုင်

အချိန်သည်ရပ်တန့်မနေသည့်အလျောက် အသက်အရွယ်တို့မည်သည်မှာလည်း အချိန်နှင့်အမျှကြီးလာသည်မှာ ဓမ္မတာပင်ဖြစ်သည်။

အသက်ကြီးလာလျှင် ဇရာ၏ဖိစီးမှုကို နည်းမျိုးစုံဖြင့်ခံစားကြရသည်။ အသိသာဆုံးတစ်ခုမှာ အရိုးအဆစ်များ အားနည်းလာသည့်အချက်ဖြစ်သည်။



သို့ရာတွင် များစွာပူပန်စရာမလိုဘဲ အသက်အရွယ်ရလာသောအခါအရိုးသန်မာစေရန် သင့်လျော်သောအစားအစာ စားသုံးပေးနိုင်သည်ဟု ဆန်ဒီယေဂို ပြည်နယ်တက္ကသိုလ်မှ သုတေသီပါမောက္ခ ကော်နီဝီဗာက ထုတ်ဖော်ပြောကြားသည်။

ဗီတာမင်ဒီကြွယ်ဝသော နွားနို့၊ ကြက်ဥအနှစ်၊ ဆာလမွန်ငါး၊ တူနာငါးစသည်တို့ကိုလည်းကောင်း ပရိုတိန်းဓာတ်နှင့် ကယ်လ်စီယံဓာတ်ပါဝင်သောအစားအစာများကိုလည်းကောင်း နေ့စဉ်မှျတစွာ စားသုံးပေးလျှင် အရိုးအဆစ်ကိုသန်မာစေမည်ဖြစ်ကြောင်း သိရသည်။ **(SCI)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Vijay Sethupathi ဟောလိဝုဒ်ရုပ်ရှင်တွင် ပါဝင်မည်



ရှာရွတ်ခန်၏ Jawan ရုပ်ရှင်တွင် ဗီလိန်သရုပ်ဆောင်အဖြစ် ပါဝင်ထားသော တောင်ပိုင်းအနုပညာရှင် ဗီဂျေးစည်သူပသီသည် ဟောလိဝုဒ်ရုပ်ရှင်တွင် ပါဝင်မည်ဖြစ်သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။


ဗီဂျေးစည်သူပသီ၏ Maharaja ရုပ်ရှင်မှ ဇာတ်ဝင်ခန်းတွင် နားရွက်ကိုပတ်တီးစည်းထားသည့်ပုံမှာ တိုက်ဆိုင်မှုတစ်ခုနှင့်ထပ်တူကျသွား၍ ကမ္ဘာကျော်ဖြစ်ခဲ့သည်။

ဗီဂျေးစည်သူပသီ၏ သရုပ်ဆောင်ပီပြင်မှုကြောင့် အနုပညာထူးချွန်ဆုစာရင်းထိ ဝင်ရောက်လာနိုင်ပြီး သူပါဝင်ထားသော ရုပ်ရှင်ဇာတ်ကားများ နာမည်ရခဲ့ကာ အမီရ်ခန်း၏ Laapata Ladies၊ ကရန်းဂျိုဟာ၏ Kill နှင့် တောင်ပိုင်းထုတ်ရုပ်ရှင် Maharaja တို့မှာ အောင်မြင်မှုများစွာ ရရှိထားသည်။

၂၀၂၅ ခုနှစ်တွင် ဗီဂျေးစည်သူပသီကို ဟောလိဝုဒ်အနုပညာလောကတွင် မြင်တွေ့ကြရမည့် အိန္ဒိယတောင်ပိုင်း အနုပညာရှင်ဖြစ်သည်။ **(SKY)**

## Wang Yibo ကို Skateboard နည်းပြ Zou Jie က ချီးကျူးစကား ပြောကြားထား

အားကစားများနှင့်ပတ်သက်၍ ထူးချွန်ပြီး စစ်မှန်သည့်ချစ်ခင်မှုရှိသည့် ဝမ်ရိဘိုကို စကိတ်ဘုတ်၊ ဘရိတ်ကင်အက၊ BMX နှင့် Street Dance လောကမှ ကျွမ်းကျင်သူများက ချီးကျူးထားကြရာ စကိတ်ဘုတ်နည်းပြ ကျူဂျယ်လည်း ပါဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



စကိတ်ဘုတ်နည်းပြက ရှန်ဟဲအိုလံပစ်သီချင်းရိုက်ကူးစဉ်က အတူရှိခဲ့ပြီး စကိတ်ဘုတ်မစီးဖြစ်သည်မှာကြာ၍ စမ်းစီးကြည့်မည်ဆိုကာ ၁၅ မိနစ်အတွင်း လုံးဝအသားကျခဲ့ခြင်းမှာ ကြိုးစားဝံ့သည့်စိတ်၊ ထက်သန်ပြင်းပြမှုရှိ၍ ချီးကျူးသွားသည်။

ဘရိတ်ကင်အကသမားလီဟွေပွာကလည်း ဝမ်ရိဘိုသည် ဘရိတ်ကင်အကကို အိုလံပစ်တွင် နိုင်ငံကိုယ်စားပြုအနေနှင့် ပထမဆုံးအကြိမ် ဝင်ပြိုင်ခဲ့ပြီး ထူးချွန်သူဖြစ်သည်ဟုဆိုကာ Street Dance နည်းပြဒယ်နီကလည်း အကပေါ်တွင် ဝမ်ရိဘို၏ စိတ်အားထက်သန်မှုမှာ အရာရာကို အနိုင်ယူနိုင်ခဲ့သည်ဟု ထုတ်ဖော်ချီးကျူးခဲ့သည်။ **(SKY)**







## Shah Rukh Khan ကို ပြင်သစ်ပြတိုက် Grevin က ရွှေဒင်္ဂါးထုတ်ပေးခံရ

ဘောလိဝုဒ်နာမည်ကျော်သရုပ်ဆောင်ရှာရွတ်ခန်ကို ပြင်သစ်နိုင်ငံရှိ Grevin ပြတိုက်မှ ရွှေဒင်္ဂါးထုတ်ပေးခံရသည့် ပထမဦးဆုံးဘောလိဝုဒ်မင်းသားဖြစ်ခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ် ဖော်ပြသည်။

အဆိုပါရွှေဒင်္ဂါးပြားပေါ်တွင် ရှာရွတ်ခန်၏ပုံနှင့်အတူ Musee Grevin Shah Rukh Khan ဟု ဒင်္ဂါးပြားတစ်ဖက်တွင် ရေးထားပြီး အခြားတစ်ဖက်တွင် Musee Grevin အမှတ်တံဆိပ်နှင့် Paris ဟူသော စကားလုံးထွင်းထုထားသည်ကို တွေ့ကြရသည်။

ရှာရွတ်ခန်သည် ကမ္ဘာ့အချမ်းသာဆုံး ဘောလိဝုဒ်အနုပညာရှင်စာရင်းဝင်ဖြစ်ပြီး အနုပညာစွမ်းရည်လည်း မြင့်မားသူဖြစ်၍ သူပါဝင်ထားသော ဇာတ်ကားများအောင်မြင်မှုသိမ်းပိုက်နိုင်ခဲ့ကာ အလှူအတန်းရက်ရောသူလည်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ပြင်သစ်အစိုးရ၏ ဂုဏ်ထူးဆောင်ဆုရရှိထားကာ ၂၀၂၄ ခုနှစ်တွင် ရွှေဒင်္ဂါးထုတ်၍ ဂုဏ်ပြုပေးခဲ့သည်။ **(SKY)**

## Ding Yuxi အောင်မြင်မှုများစွာနှင့် တောက်ပလာ

တရုတ်အနုပညာရှင် Break through နှင့် အောင်မြင်မှုရရှိထားသော မင်းသား ဒင်းယူရှီမှာ အနုပညာလောကတွင် တောက်ပသော ကြယ်တစ်ပွင့်အဖြစ် မြင်တွေ့ကြရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဒင်းယူရှီသည် ၂၀၁၇ ခုနှစ်တွင် အနုပညာလောကသို့ The Game of Asura, My Vampire School Sister စသည့် ဇာတ်ကားများနှင့် စတင်ဝင်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ပထမဦးဆုံးဇာတ်လမ်းတွဲ New Smiling Proud Wanderer နှင့် စတင်၍ ၂၀၂၄ ခုနှစ်ထိ ဇာတ်လမ်းတွဲကိုးကားရိုက်ကူးထားသည်။

ဒင်းယူရှီသည် ၂၀၂၀ ပြည့်နှစ် Intense Love နှင့် အောင်မြင်မှုရရှိခဲ့ကာ တစ်နှစ်အတွင်း ထွက်ရှိခဲ့သော ဇာတ်ကားများ ပြည်တွင်းပြည်ပကြည့်ရှုနှုန်းမြင့်မားပြီး၊ ၂၀၂၁ တွင် Moon Light တွင် ၂၀၂၃ Love You Seven Times နှင့် ၂၀၂၄ တွင် White Cat Legend တို့အပြင် ၂၀၂၂ ခုနှစ် ပထမဆုံးရုပ်ရှင် Ten Years of Loving You မှာလည်း အောင်မြင်ခဲ့ကာ အနုပညာလောကတွင် တောက်ပသည့် ကြယ်တစ်ပွင့်ဖြစ်ခဲ့ပြီး အသက် ၂၉ နှစ်သာရှိသေးသည်။ **(SKY)**

## Yang Zi နှင့် Zhao Lusi တို့လည်း အိုလံပစ်မီးရှူးတိုင် ကိုင်ခွင့်ရရှိခဲ့

၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ် Torchloearer အဖြစ် တရုတ်အနုပညာရှင် သုံးဦးဖြစ်ကြသည့် ယောင်းဇီ၊ ကျန်းလူစီနှင့် ဝမ်ရိဘိုတို့ အိုလံပစ်မီးရှူးတိုင် ကိုင်ဆောင်ခွင့်ရရှိခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာ့ပေါ်တွင် နှစ်နိုင်ငံတည်းသာ ကျင်းပခဲ့သည့် 2024 Paris Olympic Qualifier Series ၏ တစ်ဦးတည်းသော တရုတ်နိုင်ငံကိုယ်စားပြု သံတမန်အဖြစ် ဝမ်ရိဘိုကို နိုင်ငံတကာအိုလံပစ်ကော်မတီ (IOC)က တိုက်ရိုက်ခန့်အပ်ခဲ့ပြီး ယောင်းဇီနှင့် ကျန်းလူစီတို့လည်း ပါဝင်ခဲ့ကြသည်။

မီးရှူးတိုင် ကိုင်ဆောင်သူတစ်ဦးအနေနှင့် အိုလံပစ်စိတ်ဓာတ်ခံယူချက်ကို ဖော်ပြရုံသာမက နိုင်ငံ့ယဉ်ကျေးမှုနှင့်လူငယ်တို့၏ အင်အားကိုပါ ပြသပေးခဲ့ရာ ဝမ်ရိဘိုအပါအဝင် ယောင်းဇီ၊ ကျန်းလူ စီတို့မှာလည်း ပါရီအိုလံပစ်မီးကို နှစ်လကျော်ကြာ လက်ဆင့်ကမ်းခြင်းအဆင့် ၆၈ ဆင့်တွင် ပါဝင်ခဲ့ကြကာ ဝမ်ရိဘိုက နောက်ဆုံးဆင့်တွင် ပါဝင်ထားသည်။ **(SKY)**





## IU@Lee Jieun တွင် ချစ်စရာကောင်းသော အပြုအမူများရှိ၍ အချစ်ပိုနေကြ

တောင်ကိုရီးယားနိုင်ငံ၏ ရတနာအဖြစ် တင်စားခံရသည့် အိုင်ယူ(ခေါ်)လီဂျီအွန်းသည် ပရိသတ်အချစ်ကို ရရှိထားပြီး ချစ်စရာကောင်းသည့် အပြုအမူကြောင့် ပို၍အချစ်ပိုခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိုင်ယူကို နာမည်ကြီးအနုပညာရှင်များစွာကလည်း ချစ်ခင်ကြပြီး တက်သစ်စအနုပညာရှင်များ၏ စံပြဖြစ်ခဲ့ကာ သူ၏ချစ်စရာကောင်းသည့် အပြုအမူငါးချက်ကို ဖော်ပြထားသည်။



အိုင်ယူက ဝန်ထမ်းများကို မိသားစုကဲ့သို့ ဆက်ဆံတတ်ပြီး သူ၏မန်နေဂျာဟောင်းဦးစီးသည့် အေဂျင်စီနှင့် လက်တွဲထားကာ ငယ်စဉ်က ကြပ်တည်းခဲ့၍ အကူအညီလိုသူများကို ငွေကြေးထောက်ပံ့ကူညီ၍ ပေးထားသည့် ကတိအတိုင်း လုပ်ကိုင်ပေးတတ်ပြီး ဝန်ထမ်းများမွေးနေ့တွင်လည်း လက်ဆောင်ပေးတတ်သည့် စသည့် အချက်များကြောင့် အချစ်ပိုခဲ့ကြသည်။ **(SKY)**

# ကာမာလာဟဲရစ်အတွက် ရွေးကောက်ပွဲရန်ပုံငွေ တစ်ပတ်အတွင်း ဒေါ်လာသန်း ၂၀၀ လက်ခံရရှိ



**ဝါရှင်တန် ဇူလိုင် ၂၉**

၂၀၂၄ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံထားရသော ကာမာလာဟဲရစ်အတွက် ရွေးကောက်ပွဲရန်ပုံငွေ တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၂၀၀ လက်ခံရရှိထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတ ဂျိုးဘိုင်ဒင် ရွေးကောက်ပွဲဝင်မည်ဆိုစဉ်က ရန်ပုံငွေ အရနည်းခဲ့ပြီး ၄င်း၏ကိုယ်စား ကာမာလာဟဲရစ် သမ္မတရွေးကောက်ပွဲဝင်မည်ဆိုပါမှ ရန်ပုံငွေများ ပုံအောပြီး ဝင်လာခဲ့ခြင်း ဖြစ်သည်။

ယင်းရန်ပုံငွေ တစ်ရပ်လုံး၏ ၆၆ ရာခိုင်နှုန်းမှာ ထည့်ဝင်လှူဒါန်းသူ အသစ်များထံမှ ရရှိခြင်းဖြစ်ကြောင်း လက်ထောက်မဲဆွယ်ရေး မန်နေဂျာ ရော့ဘ်လောဟာတီက အတည်ပြုသည်။

ရန်ပုံငွေတိုးလာသဖြင့် ဒီမိုကရက်တစ်သမ္မတလောင်း ဖြစ်လာမည့် ကာမာလာဘက်မှ မဲဆွယ်စည်းရုံးပေးမည့် စေတနာ့ဝန်ထမ်းအသစ် ၁၇၀၀၀၀ ကို မကြာသေးမီက ခန့်အပ်ခဲ့ကြောင်း ၄င်းက ရှင်းလင်းပြောကြားသည်။

ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် အောင်နိုင်ရေးအတွက် ရွေးကောက်ပွဲရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် စုဆောင်းရရှိထားပြီး ဖြစ်ကြောင်း သိရသည်။ **Mon**



# တာလတ်ပစ်နျူကလီးယားဒုံးလက်နက် ပြန်ထုတ်ရလိမ့်မည်ဟု ရုရှားသမ္မတ ပလာဒီမာပူတင် ထုတ်ဖော်သတိပေး

**မော်စကို ဇူလိုင် ၂၉**

အကယ်၍ အမေရိကန်ပြည်ထောင်စုက ဥရောပတိုက်ရှိ ဂျာမနီနှင့်အခြားဒေသများ၌ ဒုံးလက်နက်များ တပ်ဆင်သွားမည်ဆိုလျှင် မိမိတို့ဘက်က တာလတ်ပစ်နျူကလီးယားဒုံးလက်နက် ပြန်လည်ထုတ်လုပ်ရလိမ့်မည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ဇူလိုင် ၂၈ ရက်တွင် ထုတ်ဖော်သတိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဥရောပနှင့် ကမ္ဘာ့အခြားဒေသအသီးသီးအပေါ်တွင် ဖြန့်ကြက်လွှတ်တင်ထားသော ဂြိုဟ်တုများက အမေရိကန်၏ လှုပ်ရှားမှုအရပ်ရပ်ကို စောင့်ကြည့်လျက်ရှိသည်ဟုလည်း ၄င်းက တစ်ဆက်တည်း ထုတ်ဖော်ပြောကြားသည်။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ရင်ပြင်၌ ကျင်းပသည့် ရုရှားရေတပ်စစ်ရေးပြအခမ်းအနားသို့ ပြောကြားသော မိန့်ခွန်းတွင် ၄င်းက ယင်းကဲ့သို့ သတိပေးခဲ့ခြင်း ဖြစ်သည်။

သမ္မတ ဗလာဒီမာပူတင် ရည်ညွှန်းသော တာလတ်ပစ်နျူကလီးယားဒုံးလက်နက်ကို ကီလိုမီတာ ၅၀၀ မှ ၅၅၀၀ အကြား ပစ်ခတ်နိုင်မည်ဟု ဆိုသည်။

၁၉၈၇ ခုနှစ်က အမေရိကန်နှင့် ဆိုဗီယက် ရုရှားနှစ်နိုင်ငံအကြား လက်နက်ကန့်သတ်ထိန်းချုပ်ရေးသဘောတူညီချက်အရ ဆက်လက်မထုတ်လုပ်တော့ဘဲ ရပ်တန့်ခဲ့သည့် ဒုံးလက်နက်အမျိုးအစားကို ၄င်း ရည်ညွှန်းခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

**INTERNATIONAL NEWS**

**နိုင်ငံတကာသတင်းများ**

# အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီ တရုတ်နိုင်ငံသို့ အလည်ပတ်ရောက်ရှိလာ

**ပေကျင်း ဇူလိုင် ၂၉**

အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီ တရုတ်နိုင်ငံသို့ ဇူလိုင် ၂၈ ရက်က အလည်အပတ်ရောက်ရှိလာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပေကျင်းမြို့တော်၌ ၄င်းကို တရုတ်ဝန်ကြီးချုပ် လီချိုင်းက ဦးစွာ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စ ပြောဆိုဆွေးနွေးခဲ့သည်။

ထို့နောက် တရုတ်သမ္မတ ရှီကျင့်ဖျင်က ၄င်းကို လက်ခံတွေ့ဆုံကာ တရုတ်နှင့် အီတလီ နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန် ဆက်လက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **Mon**





# ရွေးကောက်ပွဲ မဲရလဒ် အငြင်းပွားမှုရှိခဲ့သော်လည်း သမ္မတ နီကိုလတ်စ်မာဒူရို အနိုင်ရပြီဟု ကြေညာ

**ကရာကတ်စ် ဇူလိုင် ၂၉**

ဗင်နီဇွဲလားနိုင်ငံ ရွေးကောက်ပွဲ၌ မဲရလဒ် အငြင်းပွားမှုရှိခဲ့သော်လည်း သမ္မတ နီကိုလတ်စ်မာဒူရိုက မိမိအနိုင်ရရှိပြီဟု ဇူလိုင် ၂၉ ရက်တွင် ထုတ်ဖော်ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်နိုင်ငံလုံးရှိ မဲရုံအသီးသီးမှ ကောက်ခံရရှိထားသည့် မဲများအနက်မှ ၈၀ ရာခိုင်နှုန်းကို ရေတွက်ခဲ့ပြီးနောက် သမ္မတ မာဒူရိုက ထောက်ခံမဲ ၅၁ ရာခိုင်နှုန်း၊ အတိုက်အခံဘက်မှ ပြိုင်ဘက်သမ္မတလောင်း အက်ဒ်မန်ဒိုဂွန်ဇာလက်ဇ်အူရူရာက ထောက်ခံမဲ ၄၄ ရာခိုင်နှုန်း ရရှိထားကြောင်း ရွေးကောက်ပွဲကော်မရှင်က မှတ်တမ်းတင်ထားခဲ့သည်။ ထိုရလဒ်အပေါ်အခြေခံကာ သမ္မတ မာဒူရိုက မိမိရွေးကောက်ပွဲနိုင်ပြီဟု ထုတ်ဖော်ကြေညာလိုက်ခြင်းဖြစ်သည်။

ထိုသို့ကြေညာပြီးနောက် ၄င်းဘက်မှ အားပေးထောက်ခံသူများ ကရာကတ်စ်မြို့ပေါ် လမ်းမများသို့ ထွက်လာကာ လူပေါင်းထောင်နှင့်ချီ၍ စုဝေးအောင်ပွဲခံခဲ့ကြောင်း သိရသည်။

**Mon**



ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ ဇူလိုင် ၂၉ ရက်က တွေ့ဆုံကြသော အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများကို တွေ့ရစဉ်။ **Mon**

# အကြောက်ကင်းသော စာရေးဆရာမကြီး အိုဘရိုင်ယန် အသက် ၉၃ နှစ်အရွယ်တွင် ငြိမ်းချမ်းစွာ ကွယ်လွန်

**ဒဗ္ဗလင် ဇူလိုင် ၂၉**

အကြောက်ကင်းသော စာရေးဆရာမကြီးဟု နာမည်တွင်သော အက်ဒနာအိုဘရိုင်ယန် အသက် ၉၃ နှစ်အရွယ်တွင် ဇူလိုင် ၂၇ ရက်က ဒဗ္ဗလင်မြို့ရှိ ၄င်း၏ နေအိမ်တွင် ငြိမ်းချမ်းစွာ ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၉၃၀ ပြည့်နှစ်က အိုင်ယာလန်နိုင်ငံ ကလဲနယ်၌ မွေးဖွားခဲ့သော အိုဘရိုင်ယန်အနေဖြင့် ခရစ်ယာန်သီလရှင်ကျောင်းတွင် ပညာသင်ယူပြီးနောက် ဒဗ္ဗလင်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။



၁၉၆၀ ပြည့်နှစ်တွင် စီရင်စုနယ်သူလေးများဟု အမည်ရသော ၄င်း၏ ပထမဆုံး လုံးချင်းဝတ္ထုစာအုပ်ထွက်ရှိလာခဲ့သည်။

အိုဘရိုင်ယန်သည် အမျိုးသမီးများဘက်မှ မကြောက်မရွံ့ ရပ်တည်ပြီး ဝတ္ထုစာအုပ် ၂၀ ကျော်ကိုသာမက ပြဇာတ်များ၊ အတ္ထုပ္ပတ္တိများကိုလည်း ရေးသားခဲ့သဖြင့် အကြောက်ကင်းသော စာရေးဆရာမဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **Mon**

# ဆည်ကျိုးပေါက်ပြီး လူ ၄၀၀၀ ကျော် သေဆုံးစေခဲ့သဖြင့် တာဝန်ရှိ လစ်ဗျားဝန်ထမ်း ၁၂ ဦး ထောင်ဒဏ်ကျခံရ

**ထရီပိုလီ ဇူလိုင် ၂၉**

ယမန်နှစ် စက်တင်ဘာလက ဖြစ်ပွားသော ဆည်ကျိုးပေါက်မှုတွင် လူပေါင်း ၄၀၀၀ ကျော် သေဆုံးစေခဲ့သဖြင့် တာဝန်ရှိ လစ်ဗျားဝန်ထမ်း ၁၂ ဦး မကြာသေးမီက ထောင်ဒဏ်ကျခံခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆည်ရေသိုလှောင်ခြင်း၊ ရေလွှတ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လျစ်လျူရှုသည်ဟု ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ယင်းဝန်ထမ်းများကို အစိုးရက ထောင်ဒဏ် ကိုးနှစ်မှ ၂၇ နှစ်အထိ ချမှတ်ခဲ့သည်။

ဆည်ကျိုးပေါက်သည်အထိ တမံများပျက်စီးအောင် အဂတိမှုကျူးလွန်သော ဝန်ထမ်းများကိုမူ ထိုက်သင့်သော ဒဏ်ကြေးပေးဆောင်စေခဲ့သည်။

စင်စစ်တွင် လစ်ဗျား၌ ဗိုလ်မှူးကြီးဂဒါဖီး လုပ်ကြံသတ်ဖြတ်ခံရပြီးနောက် နိုင်ငံနှစ်ခြမ်းကွဲကာ ပြည်တွင်းရေး မတည်မငြိမ်ဖြစ်ရာမှ ဆည်များပြုပြင်ထိန်းသိမ်းမှု အားနည်းခဲ့သဖြင့် ထိုဆည်ကျိုးပေါက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ကျွမ်းကျင်သူအချို့က သုံးသပ်ကြောင်း သိရသည်။ **Mon**





## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စုဖွဲ့ထားရှိမှုနှင့် ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**မူဆယ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ ခရိုင်မီးသတ်တပ်ဖွဲ့ရုံး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စုဖွဲ့ထားရှိမှုနှင့် ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကားပြောကြားရာတွင် မီးသတ်တပ်ဖွဲ့သို့ နိုင်ငံတော်က ထောက်ပံ့ပေးထားသည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကျွမ်းကျင်စွာအသုံးပြုနိုင်ရန် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ သဘာဝဘေးအန္တရာယ်နှင့် ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။ ထို့ပြင် မူဆယ်မြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းချီးမြှင့်ကြောင်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ၄က်ပျော့ဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign ကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဝင်များနှင့် အဖွဲ့ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ ထည့်စရာ ယူဆောင်လာရန် အသိပညာပေးခြင်းနှင့်စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**





## အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင် ခင်းကျင်းပြသ

**ဟုမ္မလင်း ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်များ ခင်းကျင်းပြသပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောက်က အဖွင့်အမှာစကားကိုလည်းကောင်း၊ ဟုမ္မလင်းမြို့မရဲစခန်းမှ ဒုတိယ ရဲမှူးအောင်သူရိန်က လူကုန်ကူးမှုအန္တရာယ်နှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဒွံ့စေ့က လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးစေရေး အကြောင်းအရာများအားလည်းကောင်း ပြောကြားခဲ့သည်။

အခမ်းအနားကို ဟုမ္မလင်းမြို့မရဲစခန်းမှ ဒုတိယ ရဲမှူးအောင်သူရိန်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး သုတ၊ ရသစာအုပ်စာစောင်များ၊ နံရံကပ်စာစောင် စာအုပ်ခင်းကျင်းပြသထားမှုများအား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၅၇)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Shoe Making Machinery and Equipment(၁)လုံးအပါအဝင် ကုန်ပစ္စည်း(၂)မျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် 60% Cotton 40% Polyester Pique(၆၀၄၂)ကီလိုဂရမ်နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck(၁)စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာဇူလိုင် ၂၆ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တောင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် My Boy နို့ဆီနှင့် နို့စိမ်းဘူး(၁၆၈၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲနှင့် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယိုးဒယားစာတမ်းပါ ပဲပိစပ်ဆီ (၅)လီတာပါ ဘူး(၁၂၀) အပါအဝင် ကုန်ပစ္စည်း(၃)မျိုး၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus(၁)စီးတို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဇူလိုင်၂၈ ရက်တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၁၄ ဒသမ ဝ၅၃)တန်၊ သစ်မာ(၃ ဒသမ ၇၂၁)တန်၊ အခြားသစ်(၁၆ ဒသမ ၂၄၂)တန်ကို သစ်တောဥပဒေအရ ဖမ်းဆီးရမိခဲ့ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ယာပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အောင်ပန်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀က သတင်းအရ သက်သေများနှင့်အတူ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ သရက်ပုကျေးရွာအနီးတွင် ရဲသီဟမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့် စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၁၀ ပြားနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရဲသီဟ(၅၀)နှစ်အား အောင်ပန်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

# ဆော်ဒီအာရေဗျနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည့်တိုင် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာသံရုံးများချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသူဇာမိုးအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသား အကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့်ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မသူဇာမိုးသည် ဇူလိုင် ၂၈ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် ည ၈ နာရီတွင် ထွက်ခွာပြီး ဒူဘိုင်း နယူးဒေလီ လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ယနေ့မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မသူဇာမိုးသည် ရန်ကုန်မြို့မှ အေးဂျင့်၏ ပို့ဆောင်ပေးမှုဖြင့် ဆော်ဒီအာရေဗျနိုင်ငံ ဒူဘိုင်းမြို့သို့ အလုပ်လုပ်ကိုင်ရန် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ရောက်ရှိခဲ့ပြီး ထိုအေးဂျင့်ရုံး၌ ရက် ၂၀ ခန့်နေထိုင်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် Tourism ဗီဇာဖြင့် ရီရတ်ဒ်မြို့ရှိ အလုပ်ရှင်နေအိမ်၌ တစ်လလျှင် ဆော်ဒီရီရယ် ၁၂၀၀ ဖြင့် အလုပ်လုပ်ကိုင်ခဲ့ရာ ခြောက်လကျော် ကြာမြင့်ခဲ့ပြီး မိသားစုထံသို့ လစာပေးပို့ရာတွင် အေဂျင်စီက လွှဲပြောင်းပေးပို့ခြင်း မရှိခဲ့ကြောင်း၊ အိမ်ရှင်နှင့် အဆင်မပြေမှုကြောင့် နေအိမ်မှ သုံးကြိမ်တိုင် ထွက်ပြေးခဲ့ဖူးပြီး အိမ်ရှင်မှ ဆက်ဆံရေး ပိုမိုဆိုးရွားလာခဲ့ရာ ကိုယ်ထိလက်ရောက် ကျူးလွန်ရန်ခြင်းကို ကြုံတွေ့လာရကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လတွင် သုံးလွှာတိုက် နေအိမ်အပေါ်ထပ်မှ ထွက်ပြေးရန်ကြိုးစားစဉ် ပြတင်းပေါက်မှပြုတ်ကျခဲ့ရာ ခါးကို ထိခိုက်မိခဲ့ပြီး အိမ်ရှင်က မြန်မာသံရုံးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မြန်မာသံရုံးအနေဖြင့် မသူဇာမိုးအား သံရုံးဝင်းအတွင်း အဆောက်အအုံငယ်တွင် ထားရှိ၍



နေရာထိုင်ခင်းနှင့်စားသောက်ရေးအပြင် ဆေးဝါးနှင့် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ကောင်းမွန်စွာ စောင့်ရှောက်ပေးခဲ့ကြောင်း၊ မြန်မာသံရုံးအနေဖြင့် မသူဇာမိုးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြန်လည်ထွက်ခွာခွင့် (Exit Permit) ရရှိခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မသူဇာမိုးက "ကျွန်မက ပခုက္ကူမြို့ သဖန်းပင်ရွာမှာနေပါတယ်။ မြန်မာပြည်ကနေ စင်ကာပူ၊ စင်ကာပူကနေ ဒူဘိုင်း ရီရတ်ဒ်မြို့ကို ရောက်သွားပါတယ်။ ရီရတ်ဒ်ကအလုပ်ရှင်အိမ်မှာ ကလေးသုံးယောက်ကို ထိန်းရတယ်၊ အိမ်အလုပ်တွေလုပ်ရတယ်။ အလုပ်ပင်ပန်းပြီး အိပ်ချိန်နည်းတာကြောင့် အိပ်ရေးမဝတဲ့ ဒဏ်ကိုခံရတယ်။ အိမ်ကိုလစာလွှဲတာလည်း မရောက်ဘူး။ အလုပ်ခြောက်လခွဲမှာ လေးလစာပဲရခဲ့တယ်။ အထူးသဖြင့် ပင်ပန်းတဲ့ ဒဏ်ကိုမခံနိုင်တာရယ်၊ မိမိလုပ်အားခ အပြည့်အဝမရတာကြောင့် အိမ်ရှင်ကိုပြန်ချင်တယ်ပြောတော့ မရခဲ့ပေမယ့် နောက်ဆုံး ခါးကို ထိခိုက်မိပြီး နောက်ပိုင်းမှာ မြန်မာသံရုံးကို အိမ်ရှင်ကလိုက်ပို့ပေးပါတယ်။ ကျွန်မကို ကိုယ့်မိသားစုလို နွေးနွေးထွေးထွေးနဲ့ ကူညီ စောင့်ရှောက်ပေးကြတဲ့ သံအမတ်ကြီး၊ သံမှူးကြီးနဲ့ ဝန်ထမ်းအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ လက်ဆယ်ဖြာမိုးပြီး ကန်တော့ပါတယ်။ ကျွန်မတို့ကို ဝင်ငွေကောင်းတယ်ဆိုပြီး သူတစ်ပါးပြောဆိုစည်းရုံးမှုနဲ့ နားယောင်မိခဲ့တဲ့အတွက် ပြည်ပမှာ ဒုက္ခမျိုးစုံကြုံခဲ့ရတာမျိုး အခြားသူတွေ မကြုံစေလိုပါဘူး။ တကယ်ကြမ်းတမ်းပါတယ်။ မသွားစေလိုပါဘူး။ သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ဖို့တိုက်တွန်းလိုပါတယ်။ အခုလို အမိနိုင်ငံသားတစ်ဦး အခက်အခဲ ကြုံတွေ့နေချိန်မှာ အားပေးကူညီ ဆောင်ရွက်ပေးကြတဲ့ မြန်မာသံရုံးနဲ့ နိုင်ငံတော်က အကြီးအကဲတွေ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောသည်။

ဆော်ဒီအာရေဗျ နိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးအနေဖြင့် ကူညီ ဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့် အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှု မရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံး အဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိသည်။ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့်လည်း အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံ သဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင်အလုပ် လုပ်ကိုင်ရှာဖွေရေးအေဂျင်စီများမှလိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သော အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့်နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ကြောင်း အကြံပြုအသိပေး ထုတ်ပြန်ထားသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်း ကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူး တင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nge Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ (အနောက်)ရပ်ကွက်နေ နန္ဒာလွင်(ခ) အငယ်လေးအား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Htet Htet Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မိတ္ထီလာမြို့နယ် အောင်ဇေယျာရပ်ကွက်နေ ထက်ထက်အောင်အား ညနေ ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# MFF "C" Diploma Coaching Course သင်တန်းဖွင့်လှစ်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဖွင့်လှစ်သည့် MFF "C" Diploma Coaching Course နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အစည်းအဝေးခန်းမတွင် ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ MFF နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ MFF အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်း၊ နည်းစနစ်ဒါရိုက်တာ မစ္စတာ မီတ၊ သင်တန်းနည်းပြဆရာများဖြစ်ကြသော ဦးညီညီလတ်နှင့် ဦးဇရာမောင်၊ MFF မှ တာဝန်ရှိသူများ သင်တန်းသား၊ သင်တန်းသူများ တက် ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် MFF အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ နည်းစနစ်ဒါရိုက်တာ မစ္စတာ မီတ၊ သင်တန်းနည်းပြဆရာ ဦးညီညီလတ်တို့က အမှာစကားအသီးသီးပြောကြားခဲ့ပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

MFF "C" Diploma Coaching Course နည်းပြသင်တန်းကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၁၇ ဦးနှင့် သင်တန်းသူ ခုနစ်ဦး တက်ရောက်လျက်ရှိသည်။

(အပေါ်ပုံ) (NGB)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ






## ဥရောပယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်အသင်း ဆွတ်ခူး

**မက်ဒရစ် ဇူလိုင် ၂၉**

မြောက်အိုင်ယာလန်တွင် ကျင်းပသည့် ၂၀၂၄ ဥရောပ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ပြင်သစ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။

စပိန်အသင်းသည် ဥရောပ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတစ်လျှောက် ၁၂ကြိမ်မြောက် ချန်ပီယံဆု ရရှိခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းလည်းဖြစ်လာခဲ့သည်။

စပိန်အသင်းထုတ်ပြန်ချက်တွင် "၂၀၂၄ ဥရောပ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ အသင်းကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## ရာဖင်ဟာအား ယူရို သန်း ၁၀၀ဖြင့် အယ်လ်နာဆာအသင်း ကမ်းလှမ်းဖွယ်ရှိ

**ဘာစီလိုနာ ဇူလိုင် ၂၉**

ဆော်ဒီကလပ် အယ်လ်နာဆာအသင်းသည် ဘာစီလိုနာအသင်း တောင်ပံကစားသမား ရာဖင်ဟာအား ယူရို သန်း ၁၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းသွားဖွယ်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ ပွဲ ကစားပြီး ဂိုး ၂၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်နာဆာအသင်းက ခေါ်ယူရန် စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း ရာဖင်ဟာအတွက် အယ်လ်နာဆာအသင်း၏ မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အယ်လ်နာဆာအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ ရာဖင်ဟာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)





## ဘင်ဖီကာအသင်းက ဖီယင်နအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၂၉**

နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ယနေ့ နံနက်ပိုင်းက ဘင်ဖီကာအသင်းနှင့် ဖီယင်နအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘင်ဖီကာအသင်းက ဖီယင်နအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘင်ဖီကာအသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၉ မိနစ်တွင် Gianluca Prestianni၊ ပွဲချိန် ၁၃မိနစ်နှင့် ၁၄မိနစ်တွင် Pavlidis၊ ပွဲချိန် ၁၈မိနစ်တွင် Beste၊ ပွဲချိန် ၈၉ မိနစ်တွင် Cabral တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဘင်ဖီကာအသင်းသည် နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် လာမည့် ဩဂုတ် ၂ရက်တွင် ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ)(NGB)

## ဗန်ဒန်ဘတ်ချ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၂၀ အဖြစ် လီဗာပူးအသင်း သတ်မှတ်

**လီဗာပူး ဇူလိုင် ၂၉**

လီဗာပူးအသင်းသည် အသင်း နောက်ခံကစားသမား ဗန်ဒန်ဘတ်ချ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၂၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ပီအက်စ်ဗွီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဗန်ဒန်ဘတ်ချ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက လီဗာပူးအသင်းမှ မိန့်ဇ်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၅ ပွဲကစားပြီး ၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဗွီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

လီဗာပူးအသင်းကလည်း ဗန်ဒန်ဘတ်ချ်အတွက် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဗွီအသင်း အနေဖြင့် လီဗာပူးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဗန်ဒန်ဘတ်ချ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။(ယာပုံ)

(NGB)



## ယန်မင်ယောင်အား ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ စပါးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၉**

စပါးအသင်းသည် တောင်ကိုရီးယားကလပ် Gangwon FC အသင်း တောင်ပံကစားသမား ယန်မင်ယောင်အား ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသလို Gangwon FC အသင်းနှင့်လည်း ယခုနှစ်အတွင်း ပြိုင်ပွဲ ၂၅ ပွဲကစားကာ ၈ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ (အောက်ယာပုံ)

တောင်ပံကစားသမား ယန်မင်ယောင်သည် စပါးအသင်းသို့ လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှသာ လာရောက်ပူးပေါင်းသွားမည် ဖြစ်သည်။

စပါးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် နောက်ထပ် ကစားသမားသစ်များစွာကိုလည်း ထပ်မံခေါ်ယူအားဖြည့်သွားဦးမည် ဖြစ်သည်။(NGB)



## ဗာရန်းအား ကိုမိုအသင်း ခေါ်ယူ

**တူရင် ဇူလိုင် ၂၉**

စီးရီးအေတန်းတက်ကလပ် ကိုမိုအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် လမ်းခွဲထားသည့် နောက်ခံကစားသမား ဗာရန်းအား နှစ်နှစ်စာချုပ်+တစ်နှစ်သက်တမ်းတိုးခွင့်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် လန်းစ်၊ ရီးရဲလ်မက်ဒရစ်၊ မန်ချက်စတာယူနိုက်တက် စသည့် ကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ကိုမိုအသင်းက ခေါ်ယူခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဗာရန်းက "ကျွန်တော် ကိုမိုအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (ဝဲပုံ)(NGB)

## ဘောလုံးသတင်းအတိုအထွာများ

* ရီးမားအသင်းသည် ဂျီရိုနာအသင်း တိုက်စစ်မှူး အာသန်ဒေါ့ဗစ်ခ်အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒူရန်မာဇင်းနစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

(NGB)

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၇-၂၀၂၄ အင်္ဂါနေ့ | ည၉း၃၀နာရီ | ဘက်ဆစ်တပ်(တူရကီ) - ဆာကာရာစပေါ်(တူရကီ) |
| ။ | ည၁၁း၃၀နာရီ | လိုင်လီ(ပြင်သစ်) - ဆဲလ်တာဗီဂို(စပိန်) |
| ၃၁-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့ | နံနက်၀၁း၁၅နာရီ | ဟားလ်စီးတီး(အင်္ဂလန်) - ဗီအိုရင်တီးနား(အီတလီ) |
| ။ | နံနက်၀၅း၃၀နာရီ | ဘာစီလိုနာ(စပိန်) - မန်စီးတီး(အင်္ဂလန်) |

## ၂၀၂၄ ပါရီ အိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၃၀-၇-၂၀၂၄ အင်္ဂါနေ့ | ည၇း၃၀နာရီ | C | ဒိုမီနီကန် - ဥဇဘက်ကစ္စတန် |
| ။ | ။ | C | စပိန် - အီဂျစ် |
| ။ | ည၉း၃၀နာရီ | B | ယူကရိန်း - အာဂျင်တီးနား |
| ။ | ။ | B | မော်ရိုကို - အီရတ် |
| ။ | ည၁၁း၃၀နာရီ | A | အမေရိကန် - ဂီနီ |
| ။ | ။ | A | နယူးဇီလန် - ပြင်သစ် |
| ၂၈-၇-၂၀၂၄ တနင်္ဂနွေနေ့ | နံနက်၀၁း၃၀နာရီ | D | ပါရာဂွေး - မာလီ |
| ။ | ။ | D | အစ္စရေး - ဂျပန် |



## အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားဆိုင်ရာ အသိပညာပေးဟောပြော

**ကျောက်ပန်းတောင်း ဇူလိုင် ၂၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကျောင်းသားလူငယ်များ ကိုယ်ကာယကြံ့ခိုင်ရေးနှင့် အားကစားဆိုင်ရာ အသိပညာများတိုးပွားပြီး အားကစားကို ပိုမိုလိုက်စားတတ်လာစေရန်အတွက် ပညာပေးဟောပြောပွဲများကို ကျောင်းအခြေပြု ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးကျောက်ပန်းတောင်းမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြောက်တောကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါ အားကစားနှင့် ကာယပညာအကြောင်းအသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်းက အသိပညာပေးဟော ပြောပွဲပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုလတ်က အားကစားနှင့် ကာယပညာအကြောင်း သိကောင်းစရာများနှင့် အားကစားကို စိတ်ပါဝင်စားသူလူငယ်များအနေဖြင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းသို့ တက်ရောက်၍ မိမိတို့ရည်မှန်းချက်အိပ်မက်များကို အကောင်အထည်ဖော်နိုင်ကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ နည်းစနစ် မှူး ဒေါ်ဝင်းမင်းသန်းက Fitness Dance အားကစားနည်းဆိုင်ရာများကို ရှင်းလင်းဟောပြောပြီး၊ မြို့နယ်ဦးစီးမှူးက အားကစားပစ္စည်းများဖြစ်သည့် ဘောလုံး၊ ပိုက်ကျော်ခြင်းလုံး၊ ပိုက်ကျော်ခြင်းပိုက်များကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ အတန်းခေါင်းဆောင်များက လက်ခံရယူကြသည်။ ထို့နောက် ကျောင်းရှေ့မြက်ခင်းပြင်တွင် နည်းစနစ်မှူး ဒေါ်ဝင်းမင်းသန်းနှင့်ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အတွဲ(၁)(၂)နှင့် Fitness Dance အားကစားနည်းများကို တပျော်တပါးစုပေါင်းကစားခဲ့ကြသည်။

အဆိုပါ အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၇၀ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(၄၅၆)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွားစာပြောင်း စိုက်ဧက ၇၉၀၀ စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး အတွင်း ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွားစာပြောင်းစိုက်ဧက ၇၉၀၀ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြို့နယ်တွင် ကျွဲ၊ နွားစာအတွက် ပြောင်းသီးနှံကို တောင်သူများမှ ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊နွားစာ ပြောင်းလျာထား စိုက်ဧက ၇၅၉၉ ကို ၂၀၂၄ ခုနှစ် မေလနောက်ဆုံးပတ်မှစ၍ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အချိန်တွင် စိုက်ပျိုးပြီးစီးမှုဧကသည် ၇၉၀၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

"ကျွဲ၊ နွားစာပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေလုပ်ပါတယ်။ နွားစာပြောင်းကို စိုက်ပျိုးတာပါ။ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ကိုလည်း အသိပညာပေးဆောင်ရွက်ပါတယ်။ ပြောင်းသီးနှံတွေဟာ ကျွဲ၊ နွားစာအတွက် တောင်သူတွေ စိုက်ပျိုးသင့်တဲ့ သီးနှံဖြစ်ပါတယ်။ တောင်သူတွေလည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ယခုရာသီ သီးနှံမှာလည်း ပြောင်းကိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုလိုပြောင်းတွေစိုက်တာကလည်း ကျွဲ၊ နွားစာအတွက် ဖူလုံစေပါတယ်။ ကိုယ်တိုင်စိုက်ပျိုးတာကြောင့် ကျွဲ၊ နွားစာတွေဟာ အန္တရာယ်ကင်းရှင်းပြီးတော့ စိတ်ချစွာ ကျွေးမွေးလို့ရပါတယ်" ဟု ၄င်းက ရှင်းပြသည်။

အဆိုပါ ကျွဲ၊ နွားစာပြောင်း စိုက်တောင်သူများကို ဌာနမှနေပြီး စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ငမြောင်တောင်ပိုးနှိမ်နင်းနည်းများ စသည်ဖြင့် အသိပေးနည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့စိုက်ပျိုးထားသည့်အတွက် တောင်သူများ မွေးမြူထားသော တရိစ္ဆာန်အစာများအတွက် အဆင်ပြေကာ အကျိုးကျေးဇူးများ ရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**
(၀၃၄)



## မြစ်မ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင် ရွေးချယ်ခြင်း ပြုလုပ်

**ပွင့်ဖြူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် လက်ခုပ်ကျေးရွာ၌ ဒေသခံကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်အတွက် မြစ်မ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်က မြစ်မ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ ၊ ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဖော်ဆောင်ရန်အတွက် သင်တန်းပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် အကျိုးခံစားခွင့်များ၊ ရန်ပုံငွေ ထုတ်ချေးရာ၌ အကျုံးဝင်သောလုပ်ငန်းအမျိုးအစားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ မြစ်မ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်ခုနစ်ဦးကို အတည်ပြု ရွေးချယ်ဖွဲ့စည်းပေးသည်။

ပွင့်ဖြူမြို့နယ်၊ လက်ခုပ်ကျေးရွာအုပ်စု၊ လပ်ခုပ်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မြစ်မ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

(ဝဲပုံ)
(၄၄၅)



သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး။

## မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်း(အထက-၂) ကျောင်းသား၊ ကျောင်းသူဟောင်းများမိတ်ဆုံပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေး၊ ဗဟိုအမျိုးသားအထက်တန်းကျောင်း(အ·ထ·က -၂)ကျောင်းသား၊ ကျောင်းသူဟောင်းများတွေ့ဆုံ၊ မိတ်ဆုံပွဲကို ဇူလိုင် ၂၈ရက် နံနက် ၁၀ နာရီက မဟာအောင်မြေမြို့နယ်၊ ၃၅လမ်း၊ ၇၄ လမ်းနှင့်၇၅လမ်းကြားရှိ ကီးမားတင်ဝင်းမင်္ဂလာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်း ကျောင်းသားဟောင်းဦးတင်ဝင်းမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူဟောင်းများက တစ်ဦးချင်း မိတ်ဆက်စကား ပြောသည်။

ဆက်လက်၍ ကျောင်းသားဟောင်း ကထိက(ငြိမ်း) ဦးအောင်ကြည်၊ ဦးရန်အေး၊ ဦးကျော်ဆန်း၊ စာရေးဆရာ မောင်ဉာဏ်သစ်၊ ဦးမောင်ဆန်း၊ ဦးကံလှတို့က ဗဟိုအမျိုးသားကျောင်း ပညာသင်ယူစဉ်ကာလ အမှတ်တရစကားများ ပြောကြားကြသည်။**(အောက်ပုံ)**

ထို့နောက်ကျောင်းသားဟောင်းဦးတင်ဝင်းမောင်က ကျေးဇူးတင်စကားပြောကြားပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။**(၀၄၅)**





## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး) ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး) ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၈ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၇ လမ်း၊ လမ်း ၃၀နှင့် ၃၁လမ်းကြားရှိ ရွှေဘုံ သာဘုရားဓမ္မာရုံ တွင် ကျင်းပရာ ချမ်းအေးသာစံမြို့နယ်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌမိုးကောင်းတိုက်၊ သုံးထပ်ကျောင်းဆရာတော်ဘဒ္ဒန္တဝိဇ္ဇာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဂုဏ်ထူးဆောင်နာယက သီရိပျံချီ ဝဏ္ဏကျော်ထင်ဦးမောင်ကို မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌအဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးအောင်တိုးနှင့်ဇနီး၊ အသင်းသူ၊ အသင်းသားများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ချမ်းအေးသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးထံမှ ရှစ်ပါးသီလခံယူပြီး မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသင်းဂုဏ်ထူးဆောင်နာယက သီရိပျံချီ၊ ဝဏ္ဏကျော်ထင် ဦးမောင်ကို+အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ရွှေ (ထာဝရကုမ္ပဏီ)က ငွေကျပ်သိန်း ၅၀၊ အသင်း ဥက္ကဋ္ဌအဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးအောင်တိုး+ဒေါ်လှလှဝင်း(စိန်ခြယ် စားသောက်ကုန်လုပ်ငန်း)က ငွေကျပ်သိန်း ၅၀တို့ကို အသင်း ဘာသာသာသနာအတွက် အသုံးပြုရန် လှူဒါန်းပြီး ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့သည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၄၅)**

## သရက်မြို့ အထက(၁)ရာပြည့်ပွဲတော်အကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သရက် ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ အထက(၁) ရာပြည့်ပွဲတော်အကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပခြင်းကို ယနေ့ နံနက် ၈ နာရီက သရက်မြို့ အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဝန်းအတွင်း စိုက်ပျိုးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် သရက်မြို့ အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းဝန်းအတွင်း အထက(၁) ရာပြည့်ပွဲတော်ကို ကြိုဆိုသည့်အနေဖြင့် သစ်တောဦးစီးဌာနမှ ဒုတိယအကြိမ် ၂၀၂၄ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဆောင်ရွက်သည့် ပွဲဖြစ်ပြီး သစ်ပင်စိုက်ပျိုးပွဲမှာ တမာပျိုးပင် ၂၀၀ ပင်၊ ရေတမာပျိုးပင် ၅၀ ပင် စုစုပေါင်း ၂၅၀ပင် စိုက်ပျိုးပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌထံသို့ ပျိုးပင်များ လွှဲပြောင်းပေးခဲ့သည်။

ထို့နောက် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)က ဒုတိယမြို့နယ်ပညာရေးမှူးထံသို့ ပျိုးပင်များ လွှဲပြောင်းပေးခဲ့ပြီး သရက်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းအုပ်ကြီးအား ပျိုးပင်များ လွှဲပြောင်းပေးခဲ့ကာ တမာပျိုးပင် ၂၀၀ ပင်၊ ရေတမာပင် ၅၀ ပင်တို့အား တစ်ပျော်တစ်ပါး စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆရာ၊ ဆရာမများက စုပေါင်းစိုက်ပျိုးနေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)ဇော်ထက်(သရက်)**



## မိုးနှမ်းသီးနှံများ စတင်နုတ်သိမ်းလျက်ရှိ သီးနှံအထွက်ကောင်းမွန်၍ ဈေးကောင်းရရှိရန် မျှော်လင့်

**ကျောက်ပန်းတောင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် တန်ခူးလအတွင်း စိုက်ပျိုးခဲ့ကြသော၊ ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် ပဲစင်းငုံသီးနှံများ အနက် နှမ်းသီးနှံကို ဝါဆိုလပြည့်ကျော်မှ စတင်၍ နုတ်သိမ်းနေကြပြီဖြစ်ရာ၊ ဇူလိုင် ၂၈ ရက် နံနက်က ကြံစို့ကျေးရွာနှင့် အရှေ့အင်တိုင်းကျေးရွာဝန်းကျင်တို့တွင် နှမ်းများ နုတ်သိမ်းခြင်း၊ နှမ်းစည်းခြင်းနှင့် နှမ်းထောင်ခြင်း လုပ်ငန်းများကို မိုးပြတ်လပ်စဉ် အပြေးအလွှားလုပ်ကိုင်နေကြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးသီးနှံများအနက် ဆီထွက်သီးနှံဖြစ်သည့် နှမ်းနှင့်မြေပဲကို အဓိက အားထားစိုက်ပျိုးခဲ့ကြရာ မိုးနှမ်းကို တစ်မြို့နယ်လုံးအနေဖြင့် ၁၁၂၅၂၅ ဧက စိုက်ပျိုးခဲ့ကြောင်းနှင့် မိုးမြေပဲကို ၂၂၁၃၇ ဧက စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ မိုးသီးနှံများအနက် ယခုအခါ နှမ်းသီးနှံများ စတင်နုတ်သိမ်းလျက်ရှိပြီး၊ မုတ်သုန်မိုး နှေးစဉ်ရွာသွန်းနေသည့်ကြားမှာပင် တောင်သူများအနေဖြင့် နှမ်းနုတ်ခြင်း၊ စည်းခြင်း၊ နှမ်းပုံ၊ နှမ်းထောင်ခြင်းများကိုအချိန်လု၍ လုပ်ဆောင်နေရသည်။

နှမ်းစိုက်ပျိုးရာတွင် အချို့တောင်သူများက ပဲစင်းငုံသီးနှံလည်း ဈေးကောင်းရရှိနေသဖြင့် နှမ်းနှင့် ပဲစင်းငုံကို ရောစပ်၍ သီးညှပ်အဖြစ် တစ်ပါတည်း စိုက်ပျိုးခဲ့ကြသဖြင့် ဝါဆိုပဲကို စိုက်ပျိုးနိုင်ခြင်းမရှိတော့ဘဲ၊ နှမ်းသီးနှံ သီးသန့်စိုက်ပျိုးခဲ့ကြသည့် တောင်သူများမှာ နှမ်းနုတ်သိမ်းပြီးသည်နှင့် ဝါဆိုမြေပဲကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရပြီး ယခုမိုးရွာသွန်းမှု အခြေအနေနှင့် ဝါဆိုပဲ စိုက်ပျိုးမည့် တောင်သူများလည်း မိုးမြေပဲအပြင် ဝါဆိုပဲသီးနှံပါ ဖြစ်ထွန်းအောင်မြင်နိုင်ကြောင်း သိရပြီး ဈေးကောင်းရရှိရေးကို သာမျှော်လင့်နေကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၅၆)

## မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၁၂)ခု အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**ပွင့်ဖြူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၆၂ ဒသမ ၈၅သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၁၂)ခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်ထံက သိရသည်။

ပွင့်ဖြူမြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၀၂ ဒသမ ၇သန်းဖြင့် ကွန်ကရစ်လမ်း လုပ်ငန်း ၆ ခု၊ ရန်ပုံငွေကျပ် ၆ ဒသမ ၈ သန်းဖြင့် တံတားလုပ်ငန်း ၄ ခု၊ ရန်ပုံငွေကျပ် ၄၇ ဒသမ ၈၅ သန်းဖြင့် ရေစီးရေလာ ကောင်းမွန်ရေး အရှည်ပေ ၁၈၄၀ ပေ ရေမြောင်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ရန်ပုံငွေ ၅ ဒသမ ၅ သန်းဖြင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်း ၂ ခု ၊ စုစုပေါင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၁၂)ခုကို ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၆၂ ဒသမ ၈၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

"ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်အတွက် နှစ်စဉ်နှစ်တိုင်း ဌာန၏ခွင့်ပြုရန်ပုံငွေအပေါ် မူတည်ပြီး မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်မှာလည်း ခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေနဲ့ ဒေသခံပြည်သူတွေ သွားလာရေး အဆင်ပြေစေရန်အတွက် လမ်း၊ တံတားလုပ်ငန်းတွေ ရေစီးရေလာကောင်းမွန်စေဖို့ ရေမြောင်းပြုလုပ်ခြင်းနဲ့ အခြားဖွံ့ဖြိုးရေး လုပ်ငန်းတွေအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၁၂)ခုကို ပြုလုပ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ဖို့အတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပြောသည်။

(၄၄၅)

## ပဲမာမျိုးစုံဧက ၂၅၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



**ရေနံချောင်း ဇူလိုင် ၂၉**

၂၀၂၄-၂၀၂၅ခုနှစ် မိုးရာသီတွင် ပဲမာမျိုးစုံစိုက်ဧက ဧက ၂၅၀၀၀ ကျော်ကို လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အညာဒေသတွင် ပဲတီစိမ်း၊ ပဲဇဉ်းငုံ၊ ပဲလွန်း၊ ပဲနောက်တို့ကို မိုးရာသီတွင် သီးညှပ်၊ သီးထပ် အဖြစ် ယာမြေများတွင် အဓိက စိုက်ပျိုးကြသည့်အပြင် သီးခြားစိုက်ပျိုးကြသည်။

ပဲမာမျိုးစုံများသည် ပြည်တွင်း၌ မုန့်လုပ်ငန်းများမှဝယ်ယူသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရသဖြင့် စိုက်ပျိုးသူများအတွက်ဈေးကွက်ပုံမှန်ရှိ၍ အရောင်းအဝယ်လိုက်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံပဲနောက်ဧက ၇၁၁၃၊ ပဲလွန်းဧက ၁၁၄၇၊ ပဲတီစိမ်းဧက ၂၉၀၉၊ ပဲစင်းငုံဧက၁၄၂၀၂ လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး ပဲတီစိမ်းဧက ၁၅၂၄၈ စိုက်ပျိုးပြီးဖြစ်ရာ လျာထားချက်ထက်ပို၍ စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

(ဓဲပုံ)

(၄၇၂)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# ဆည်တော်ကြီးရေများကျုံးအတွင်းသို့ ဝင်ရောက်မှုမရှိသဖြင့် ရေပေးဝေရေး ရေမရရှိသော ရပ်ကွက်များသို့ မီးသတ်မှ ရေများ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၉**

မန္တလေး အရှေ့ခြမ်းရပ်ကွက်များနှင့် မြောက်ခြမ်းရပ်ကွက်များသည် မတ္တရာမြို့နယ် ဆည်တော်ကြီးမှ ပေးပို့သောရေများအား ကျုံးအတွင်းသို့ ပို့လွှတ်ကာ ၄င်းရေများအား အောင်မြေသာစံမြို့နယ် ရေစစ်ကန်နှင့် မန္တလေးတောင်ရေတွန်းစက်ရုံများမှတစ်ဆင့် ရပ်ကွက်များသို့ ရေများ ဖြန့်ဖြူးပေးလျက်ရှိသည်။

လတ်တလောကာလတွင် ကျုံးအတွင်းသို့ ဆည်တော်ကြီးမှ ရေဝင်ရောက်မှုမရှိသဖြင့် ကျုံးအတွင်း သတ်မှတ်ရေအမြင့် (၇ပေ ၂လက်မ)မရှိ၍ Level ကျဆင်းနေသဖြင့် ရေဖြန့်ဝေရန် အခက်အခဲ ဖြစ်ပေါ်နေသဖြင့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်နှင့် ယာဉ်ပျံရပ်ကွက်တို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသိန်းမင်းထွေး ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များမှ ဇူလိုင် ၂၈ ရက်က ၅၈လမ်း၊ ၂၈(ဘီ)လမ်းထောင့်၊ အများသုံးရေကန်တွင် ရေဂါလန် ၅၄၀၀၊ ကျုံးမာရေးရပ်ကွက်အတွင်း ရေဂါလန် ၂၀၀၀၊ ကန်ကောက်ရပ်ကွက် ဆူးဖြူပရဟိတဘုန်းတော်ကြီးကျောင်းတွင် ရေဂါလန် ၃၅၀၀၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၃ လမ်း၊ ၂၇လမ်းနှင့်၂၈လမ်းကြား၊ ရပ်ကွက်တွင် သောက်သုံးရေဂါလန် ၁၆၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ (ခဲပုံ)

(၀၄၅)



# ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**သရက် ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အထက်တန်းဆင့် ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အထက်တန်းဆင့် ခရီးသွားငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး ခေါင်းစဉ်ဖြင့် ပြိုင်ပွဲကျင်းပရာ မြို့ပေါ်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ကိုးဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)ဇော်ထက်(သရက်)



# ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ် နည်းပညာပေးသင်တန်း ဖွင့်လှစ်

**ကျွန်းလှ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် မိုးကောင်းသောက်လယ်ယာမြေများဖြစ်ပြီး ရာသီအလိုက် သီးနှံမျိုးစုံထုတ်လုပ်လျက်ရှိရာ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ဖြစ်စေရန်အတွက် ယမန်နေ့က နည်းပညာပေးသင်တန်း ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက စိုက်ပျိုးရေးပညာရှင်များ၏ နည်းပညာများရယူပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်များ လိုက်နာကျင့်သုံးကြစေလိုကြောင်း အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သဘာဝဘေးအန္တရာယ်ကြောင့် ရာသီဥတုပြောင်းလဲနေခြင်းအကြောင်း၊ သဘာဝဘေးအန္တရာယ်တွန်းလှန်နိုင်ရန်အတွက် ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းနှင့် ထုတ်လုပ်ခြင်း၊ စိုက်နည်းစနစ်နှင့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်းတို့ကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ဒေသခံတောင်သူ ၃၅ ဦး တက်ရောက်ခဲ့ပြီး အီးအမ်-၅ ဖျော်ရည်နှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၀)





# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနား ကျင်းပ

**မောက်မယ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာစိုပြည်ရေး၊ သစ်တောသစ်ပင်များ သစ်တောဂေဟစနစ်များ စဉ်ဆက်မပျက် တည်တံ့ရေး၊ သစ်တောသစ်ပင်များ၏ တန်ဖိုးကို နားလည်ချစ်မြတ်နိုးတတ်စေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိများ နိုးကြားရှင်သန်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုကို တစ်ဖက်တစ်လမ်းမှကာကွယ်နိုင်ရန်ရည်ရွယ်ပြီး မောက်မယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့ပူးပေါင်း၍ ဌာနဆိုင်ရာများ၊ ဒေသခံကျေးလက်နေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများတို့မှ ယမန်နေ့ နံနက် ၉ နာရီက ဟိုနမ့်ကျေးရွာအုပ်စု၊ အနောက်ပူးယာစန်းကျေးရွာနှင့် လွိုင်ခွင်ရွာဟောင်းကျေးရွာချင်းဆက်လမ်းဘေးဝဲ၊ ယာ၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အဖွင့်အမှာစကားပြောကြားပြီး သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသူများအား ပျိုးပင်များ အသီးသီး ပေးအပ်ကာ မြို့နယ်သစ်တောတာဝန်ခံ တောအုပ် ဦးဇော်ညိုက သစ်ပင်စိုက်ပျိုးရမည့်နည်းလမ်းများအား ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျောင်းသား၊ ကျောင်းသူများတို့က သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များ စိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၀၀ ပင်၊ စိန်ပန်းနီ ၁၀၀ ပင်၊ စိန်ပန်းပြာ ၁၀၀ ပင်၊ မျောက်ငို ၁၀၀ ပင်၊ ရေသင်းဝင် ၅၀ ပင်၊ စုစုပေါင်း ၄၅၀ ပင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# နနွင်းအသစ်များပေါ်တော့မည်ဖြစ်သော်လည်း နနွင်းအဟောင်းများ ဈေးကောင်း

**ကျောက်ဆည် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် တောင်သူများအနေဖြင့် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း ယာမြေများတွင် ကြက်သွန်၊ ငရုတ်၊ ဝါ၊ ၄က်ပျော၊ နနွင်းနှင့် ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံတို့ စိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းပြုကြပြီး သီးနှံများ တူးဖော်ရိတ်သိမ်းရောင်းချရာတွင် ဈေးကောင်းမရခြင်း၊ ကြိုက်ဈေးမရရှိခြင်းရှိပါက သီးနှံထွက်ကုန်များကို လှောင်ထားပြီး ဈေးကောင်းရရှိချိန် စောင့်စားကာ ရောင်းချကြကြောင်းနှင့် ယခုအခါ နနွင်းအသစ်များ တူးဖော်ချိန်နီးသော်လည်း နနွင်းအဟောင်းများ ဈေးကောင်းရသဖြင့် နနွင်းလှောင်ထားသည့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

နနွင်းသီးနှံစိုက်ပျိုးမည်ဆိုပါက ထယ်ရေးညက်အောင် မြေကိုပြုပြင်ထားရပြီး ရေသွင်းရေထုတ်ကောင်းမွန်စေရန်အတွက် အကျယ် (၃)ပေ၊ အမြင့် (၁)ပေ၊ (၁)ပေခွဲ မြေပေါင်များ ပြုလုပ်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် နနွင်းခေါင်းမျိုးနှင့် နနွင်းအတက်မျိုးဟူ၍ နှစ်မျိုးရှိရာ နနွင်းခေါင်းမျိုး စိုက်ပျိုးပါက တစ်ဧက ၅၀၀ ပိဿာခန့် စိုက်ပျိုးရပြီး နနွင်းအတက်မျိုး စိုက်ပျိုးပါက ၆၀၀ ပိဿာခန့် စိုက်ပျိုးရကြောင်း စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း (၅) လက်မအကွာ စိုက်ပျိုးရကြောင်း၊ နနွင်းသီးနှံသည် မြေထဲတွင် အတက်ပွားသည့် သီးနှံဖြစ်သောကြောင့် စိုက်ပျိုးပြီး မြေလုံစွာဖုံးအုပ်ပေး၍ မြေအစိုဓာတ်မပြတ် ရေသွင်းပေးရကြောင်း သိရသည်။



နနွင်းသီးနှံသည် စိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ ခန့်တွင် အပွင့်များစတင်ပွင့်ပြီး အပွင့်များ ချိုးယူကာ ဈေးကွက်တွင် ရောင်းချပါက တစ်ဧကငွေကျပ် ၈၀၀၀၀ ခန့် ရရှိကြောင်း၊ စိုက်ပျိုးပြီး ရှစ်လကျော်တွင် စတင်တူးဖော်ရကြောင်းနှင့် တူးဖော်ရာတွင် နနွင်းတစ်ဧက အစိုကုန်အချိန် ပိဿာ ၃၇၀၀ မှ ပိဿာ ၄၀၀၀ အထိ ထွက်ရှိကြောင်း၊ ပြုတ်ပြီး အခြောက်လှန်းပါက ပိဿာ ၈၀၀ မှ ၁၀၀၀ ပိဿာခန့်ရရှိကြောင်း ကျောက်ဆည်မြို့နယ်၊ စပယ်တောကျေးရွာမှ တောင်သူ ဦးကျော်သိန်းက ပြောသည်။

(ခဲပုံ)(၄၈၅)

# စာဖတ်ရှိန်မြှင့်တင်ရေးလှူငယ်စကားဝိုင်း ကျင်းပ

**ဇေယျာသီရိ ဇူလိုင် ၂၉**

နေပြည်တော်၊ ဇေယျာသီရိ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျောက်ချက် အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇေယျာသီရိ မြို့နယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က လှူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် လှူငယ်စကားဝိုင်း ဆက်လက်ကျင်းပရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ဇေယျာသီရိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်နှင့် ကျောင်းသား၊ ကျောင်းသူများက လှူငယ်နှင့်မျိုးချစ်စိတ်ဓာတ်၊ လှူငယ်နှင့်စာရိတ္တ၊ လှူငယ်နှင့်ရည်မှန်းချက် စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းတွင် ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။ ဆက်လက်၍ ကျောက်ချက် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးဝင့်ဝင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ (ဝဲပုံ)



ထို့နောက် အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးမြို့မှ ကလေးပန်းချီဆရာ ၃၀ ကျော်စုပေါင်းပြသသည့် Generation Alpha ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမြို့မှ ကလေးပန်းချီဆရာ ၃၀ကျော် စုပေါင်းပြသသည့် Generation Alpha အမည်ပေးထားသော ကလေးပန်းချီပြပွဲကို ဇူလိုင် ၂၈ ရက်က အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်ခြေသို့ကြီးအနီးရှိ Mandalay Hill Art Gallery တွင် ကျင်းပသည်။

Generation Alpha ပန်းချီပြပွဲတွင် ပန်းချီဆရာမ မသန္တာအောင်၏ နွေရာသီပန်းချီသင်တန်းမှ မူလတန်း၊ အလယ်တန်းအရွယ် ကလေး ၃၇ ဦးတို့မှ ရေးဆွဲထားသော ရေဆေးပန်းချီကား ၆၀ ကို ပြသထားသည်။ ပန်းချီပြပွဲတွင် အရောင်စုံလင်လှသော မျိုးဆက်သစ်ကလေးများ၏ အတွေးအခေါ်နှင့် ကြိုးစားမှုလက်ရာစုံကို တွေ့မြင်ရမည်ဖြစ်ပြီး ပြပွဲကို ဇူလိုင် ၂၉ ရက်အထိ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားကြောင်း သိရသည်။



**(အပေါ်ယာပုံ)**

**(ဝ၄၅)**




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ခရေပန်း

* ခရေပန်းလေး ပွင့်ငယ်ငယ်
လေမှာ ချာချာလည်---။
* ချာချာလည်လို့ မြေပြင်ရောက်
ဒို့တွေ အတူကောက်---။
* သူ့ထက်ငါဦး လုမကောက်
ချစ်ခင်ကြင်နာ မျှဝေကောက် ။
* ဒို့ကောက်ခဲ့တဲ့ ပန်းခရေ
ရနံ့ကြိုင်လို့ သင်းပျံ့ဝေ ။
* သင်းပျံ့ဝေတဲ့ ခရေပွင့်
အလှ ဘယ်ကိုလွင့်---။
မလှပေမယ့် မွှေးပါတယ်
ဒါဟာသူ့ရဲ့ တန်ဖိုးကွယ်---။
* ရုပ်လှဖို့ထက် စိတ်လှဖို့
ဒို့တွေ ကြိုးစားစို့--။

**ခင်ဆွေလှိုင်(ပန်းချီ)**

# သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**မင်းဘူး ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရမှ ပေးပို့လှူဒါန်းသည့် သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီခွဲက မင်းဘူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော် မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသာမက ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် စာကြည့်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရေး သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် နိုင်ငံတော်အစိုးရမှ ပေးပို့လှူဒါန်းသည့် စာအုပ်စာစောင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်တာဝန်ခံများထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။**(ယာပုံ)**

ထိုသို့လှူဒါန်းရာတွင် နိုင်ငံတော်အစိုးရမှ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ စံညီစာကြည့်တိုက်များဖြစ်သော ကြီးပင်ကန်ကျေးရွာမှ ပညာမြွေစာကြည့်တိုက်၊ စကုမြို့မှ ပညာဘဏ်စာကြည့်တိုက်၊ ကုန်းသာကျေးရွာမှ ဘဝအလင်းရောင်စာကြည့်တိုက်၊ မင်းဘူးမြို့မှ မင်းပူးဦးသြဘာသစာကြည့်တိုက်၊ ပက်ပယ်ကျေးရွာမှ သုတရောင်ချည်စာကြည့်တိုက်နှင့် ရေပေါ်လေးကျေးရွာမှ အောင်ရတနာစာကြည့်တိုက်တို့အတွက် လူထုသိပွဲကကျမ်း အတွဲ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် သုတ၊ ရသ စာအုပ်စာဆောင်များကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်(၅)မြို့နယ်၌ စံညီစာကြည့်တိုက်ပေါင်း ၂၈ တိုက်ရှိပြီး ကျန်ရှိသည့်စာကြည့်တိုက်များကိုလည်း ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။ **(၅၀၀)**



## သတင်းပဒေသာ

### ရေဘေးသင့်အိမ်ထောင်စုများအား ဆန်ရိက္ခာပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေအမှတ်ထက်ကျော်လွန်၍ ပြောင်းရွှေ့ခဲ့ရသော ရေဘေးသင့်အိမ်ထောင်စုများအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်ရိက္ခာပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ယွန်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မ,တည်ငွေဖြင့် စာကြည့်တိုက်အသစ်တည်ဆောက်ဖွင့်လှစ်မည့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာ၊ စာကြည့်တိုက်မြေနေရာအား ယမန်နေ့ကစတင်၍ လိုင်းကျင်းတူးခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူကုန်ကူးမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့ နံနက် ၉ နာရီက လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ရာ အလယ်တန်းပြဆရာမ ဒေါ်အေးမြင့်က လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်နှင့် ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးမှု၏ သမိုင်းအကြောင်း၊ လူကုန်ကူးခံရနိုင်သည့်အခြေအနေနှင့် လူကုန်ကူးသူများအသုံးပြုသော နည်းလမ်းများအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာရေးဝန်ထမ်းများ ရုံးလုပ်ငန်းမွမ်းမံသင်တန်း ဆင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ ရုံးလုပ်ငန်းမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်နေပြည်သူများထံ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နမ့်ပန်ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပင်းတယမြို့ပေါ်ဘုန်းတော်ကြီးကျောင်း(၂၂)ကျောင်းမှ သံဃာတော်အပါး(၄၂၈)ပါးအား အာရုံဆွမ်းလောင်းလှူ



**ပင်းတယ ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ဓမ္မာရုံဆွမ်းလောင်းလှူရန်နေရာ၌ အပတ်စဉ် သံဃာ့ဒါန ဆွမ်းလောင်းအသင်းကြီး၏ ပင်းတယမြို့ပေါ်ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းမှ သံဃာတော်အပါး ၄၂၈ ပါးအား အာရုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက်အရုဏ်တက်ချိန်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲအား ဆွမ်းအလှူရှင် ဆင်ခေါင်းရပ်ကွက်နေ ဒေါ်စမ်းမွေးမိသားစုနှင့် အင်းပလက်ကျေးရွာနေ ဦးကျော်ထွန်းမင်း(ခ)ဖိုးထောင် ဇနီး ဒေါ်မေသန်း မိသားစုတို့၏ လှူဒါန်းပေးမှုဖြင့် သံဃာ့ဒါနဆွမ်းလောင်းအသင်းဝင်များက ဆွမ်းတော်နှင့် ဝက်မျှစ်ချဉ်ဟင်း၊ အသားတုံ၊ ဘာလယ်ချောင်ကြော်၊ ပဲသီးသုပ် စသော ဟင်းလျာများချက်ပြုတ်၍ ကြွရောက်တော်မူပေးပါသော သံဃာတော်များအား လောင်းလှူပူဇော်ပေးခြင်းလုပ်ငန်းများကို ကုသိုလ်ယူဆောင်ရွက်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၃၃၈)**

## (၁၀)ကြိမ်မြောက် နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**မန္တလေး ဇူလိုင် ၂၉**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ အလှူရှင် သဒ္ဓါမိကဆွမ်းကပ်အဖွဲ့ (ကုန်စည်ဒိုင်၊ မန္တလေးမြို့)က ပါမောက္ခချုပ်ဆရာတော်ကြီးအမှူးပြုသော သင်ကြား၊ စီမံဆရာတော်ကြီးများ၊ စာချ၊ စာသင်ရဟန်းသံဃာတော်များအား ဇူလိုင် ၂၈ ရက်က (၁၀)ကြိမ်မြောက် ကိုယ်တိုင်ချက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီးနောက် ဆွမ်းပဒေသာပင် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၁၀၀နှင့် ယခုထပ်မံလှူဒါန်း ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် ၁၂၅ သိန်းတိတိကို ပါမောက္ခချုပ်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်တော်မူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၁)**



## အရန်မီးသတ်တပ်ဖွဲ့ဝင်များက (၁၆၂)အကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၉**

ညောင်ကွဲရပ်ကွက်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ဖွဲ့ဝင်များ၏ (၁၆၂)အကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၅ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ရပ်ကွက်အရန် မီးသတ်တပ်ဖွဲ့ရုံးအရှေ့တွင် ကျင်းပခဲ့သည်။

အဆိုပါဘုံဆွမ်းလောင်းလှူပွဲတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ ပူးပေါင်း၍ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော သံဃာတော်အပါး ၁၂၀ ကျော်အား ဆွမ်း၊ ငါးကြော်ချက်၊ ငါးဥချက်၊ ကုလားပဲနှပ်၊ ပဲတီချဉ်သုပ်၊ ငံပြာရည်ချက် စသည့် ဆွမ်း၊ ဆွမ်းဟင်းနှင့် အရန်ဆွမ်းဟင်းများဖြင့် (၁၆၂)အကြိမ်မြောက်အဖြစ် ဘုံဆွမ်းလောင်းလှူကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၉၃)**

## ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆန်များ လှူဒါန်းကုသိုလ်ယူ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေး၊ တောင်စလင်းတိုက်သစ်ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးရုံးသို့ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသတို့တွင် သာသနာပြုနေသည့် သံဃာတော်တို့အား မန္တလေးမြို့နေ အလှူရှင် ဦးမောင်ကို+ဒေါ်ဆက်ရီ၊ (သမီး)ဒေါ်နွဲ့နွဲ့ဝင်း မိသားစုက ဝါဆိုသင်္ကန်းနှင့် ဆန်တစ်အိတ်ငွေကျပ် တစ်သိန်းသုံးသောင်း၊ မန္တလေးမြို့နေ အလှူရှင် ဦးကုလား+ဒေါ်ခင်သိန်းတို့အား ရည်စူး၍ ဒေါ်အေးအေးနှင့် မောင်နှမတစ်စုက ဝါဆိုသင်္ကန်းနှင့် ဆန်တစ်အိတ်ငွေကျပ် တစ်သိန်းသုံးသောင်း၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်ခိုင်ဇင်လင်းက ဝါဆိုသင်္ကန်းနှင့် ဆန်တစ်အိတ်ငွေကျပ် တစ်သိန်းသုံးသောင်း၊ မန္တလေးမြို့နေ အလှူရှင် ဘိုးဘွားမိဘအစ်ကို ဦးဝင်ဖေ နှမ ဦးအောင်စိုး+ဒေါ်လှလှ၊ နှမ ဒေါ်ချိုချိုသိန်းတို့အား ရည်စူး၍ တစ်နှစ်ပြည့်ကုသိုလ် ဝါဆိုဆန်တစ်အိတ်ငွေကျပ် တစ်သိန်းတိတိ၊ မန္တလေးမြို့နေ အလှူရှင် ဦးမြင့်ဦး+ဒေါ်အေးအေးမာ မိသားစုက ဝါဆိုသင်္ကန်းစုံ ငွေကျပ်သုံးသောင်း၊ ယမန်နေ့က အသီးသီးလှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း(မန္တလေး)ဥက္ကဋ္ဌကိုယ်စား ဒေါ်နွယ်နီ ရုံးအဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



# လူထု ဒေါ်အမာ၊ ရွှေကိုင်းသား၊ သိပ္ပံ-မောင်ဝနှင့် ဦးခြိမ့် ရှုထောင့်စုံအမြင်

ထီးပေါင်းကားစာအုပ်တိုက်ထုတ်တဲ့ မြောင်လှ မြို့စားမင်းကြီး သီရိမဟာဇေယျသူဘွဲ့ခံ မြန်မာ သံတော်ကြီးဦးခြိမ့်ရဲ့ ပူတကေ စပိန် အီတာလျံ သွား မှတ်တမ်းစာအုပ်ကို ထုတ်ဝေသူ ဦးဇူးဇူးမော် က ၂၀၂၄ ခုနှစ်၊ ဇွန် ၇ ရက်က လက်ဆောင် ပေးပါတယ်။

ဦးခြိမ့်ဟာ ရွှေဘိုစီရင်စု၊ ခွန်တောင်းရွာမှာ မွေးတယ်။ မင်းမှုတော်ကို အရွယ်ရောက်ချိန်မှာ ထမ်းရွက်တယ်။

မင်းတုန်းမင်းတရားကြီးက လက်ဖက်ရည် တော်အရာ နေမျိုးဇေယျသူဘွဲ့၊ နောက်အမှာတော် ရေးရာထူး၊ လွှတ်တော်စာရေးကြီး၊ သက္ကရာဇ် ၁၂၃၃ ခုနှစ်မှာ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် ကင်းဝန်မင်းကြီး ဦးကောင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန် မြို့တော်သို့ သံတော်ကြီးအဖြစ် သွားရောက်စဉ် ဦးခြိမ့်ဟာ စာရေးကြီးအရာသံငယ်အဖြစ် ထမ်းရွက် တယ်။

သက္ကရာဇ် ၁၂၃၅ ခုနှစ်မှာ အဂ္ဂမဟာသေနာ ပတိ ဝန်ရှင်တော် ကင်းဝန်မင်းကြီးဦးကောင်း ပြင်သစ်ပြည်သို့ သံတော်ကြီးအဖြစ် စေလွှတ်ရာ ဦးခြိမ့်က သံလတ်အဖြစ် လိုက်ပါထမ်းရွက်ရ တယ်။

ကင်းဝန်မင်းကြီးဦးကောင်းသည် ကာလ ကတ္တားၿ၌ တိုင်းခန်းလှည့်လည်ရောက်ရှိလာသော ဗြိတိသျှအိမ်ရှေ့မင်းသားနှင့် တွေ့ဆုံနှုတ်ခွန်းဆက် ပြီး အိန္ဒိယပြည်မှ မြန်မာပြည်သို့ လှည့်ပြန်လာခဲ့ တယ်။

ထို့ကြောင့် အိန္ဒိယပြည် ဗံကီမြို့မှစ၍ မြန်မာ သံတော်အဖွဲ့ကို မြောင်လှမြို့စားမင်းကြီး သီရိ မဟာဇေယျသူဘွဲ့ခံ မြန်မာသံတော်ကြီး ဦးခြိမ့်က ဦးဆောင်ပြီး ဥရောပသို့ သွားရောက်တယ်လို့ လူထု ဒေါ်အမာက ဆိုတယ်။

ဦးခြိမ့်ရဲ့ ကိုယ်ရေးသမိုင်းကိုလေ့လာလျှင် ဦးခြိမ့်ရဲ့ ဇာတိက ရွှေဘိုစီရင်စု၊ ခွန်တောင်းရွာ သား၊ သျှောင်ပေစူးဘဝက သံတော်ကြီးဘဝရောက် ခဲ့တယ်။ ဒါကိုသုံးသပ်လျှင် လူဆိုတာ အချိန်ကို တန်ဖိုးထား ရိုးသား၊ ကြိုးစား၊ နီးကြားလျှင် တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ အထွတ် အထိပ်ကို ရောက်နိုင်တယ်။ ယနေ့ လူငယ်များ အချိန်နှင့်တစ်ပြေးညီ တန်ဖိုးရှိရှိ အသုံးချ ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် နီးကြားကြိုးစားဖို့လိုကြောင်း ဗဟုသုတ သိရှိရပါတယ်။ အမှီကောင်းကိုရ ထင်ပေါ်လျှင် စင်တော်က အကောက်ခံရမယ်။ အနေစုပ်ပေမယ့် ရွှေထုပ်တဲ့ မြပဝါဖြစ်နိုင်ကြောင်း သိရှိနိုင်ပါတယ်။

**စာရေးဆရာ ရွှေကိုင်းသားအမြင်**

ဦးခြိမ့်ဟာ တကယ့်ကြီးလေးလှသော မင်းမှု မင်းရေးတို့၌ ထူးချွန်ပြောင်မြောက်အောင် ထမ်း ဆောင်ခြင်း၊ ဒေသန္တရ၊ ဘာသန္တရ၊ ဂန္ထန္တရ သုတ များနှံ့စပ်ခြင်း၊ ကင်းဝန်မင်းကြီးဦးကောင်းနှင့် ပြင်သစ်၊ အင်္ဂလန် စတဲ့ တိုင်းပြည်များသို့ သံအဖွဲ့ အဖြစ်သွားရစဉ် ဗြဲတိုက်သံတော်ဆင့်မင်းများထံ မေတ္တာစာများ ရေးသားပေးပို့ခြင်း၊ ကင်းဝန်မင်း ကြီးဦးကောင်းရဲ့ လန်ဒန်သွားမှတ်တမ်းဟာ စကား ပြေနှင့် ရေးခဲ့တယ်။ ဦးခြိမ့်ရဲ့ အီတာလျံသွား မှတ်တမ်းက ကဗျာ၊ လင်္ကာပုံစံနဲ့ ရေးခဲ့ရာ ဦးခြိမ့် ဟာ ကဗျာ၊ လင်္ကာကို ချစ်ခင်တယ်လို့ သိရတယ်။

**နိုင်ငံခြားရေးဝါဒ**

မြန်မာသံတော်ကြီး ဦးခြိမ့်ဟာ အီတာလျံသို့ သံတော်ကြီးအဖြစ် ရောက်ရှိစဉ် "မြန်မာ့ဦးစွန်း၊ ထွန်းသည်ထက်ထွန်းအောင်၊ ဖြန့်ဝန်းမိုးစေစိမ့်" နှလုံးရည်စူးပြီး "ပြင်သစ်၊ အင်္ဂလံ၊ စွစ္စလံ၊ အမေရိကန်၊ ဒင် မတ်၊ အောက်စရီယ၊ ဘယ်လ်ဂျီယာ၊ စပိန်၊ ဟော်လံ၊ ဂျာရမန်၊ ဂျပံ၊ ပူတကေ၊ ဆွေဒင်၊ နော်ရဝေး၊ တူရကီ၊ မောင်နတ်ကိုး(မိုနားကိုး)ခေါ်မခေါ် ဂရိတ်ပြည်၊ တိုင်း တိုင်းပြည်ပြည်၊ နိုင်နိုင်ငံ၊ အသကအသက၊ တိုင်း ရောမတွင် ခန့်ထားသမျှ သံတို့နှင့် ဆက်ဆံနီးနှော ကြလေရာ" လို့ တွေ့ရတယ်။

**ဗုံဗိုင်မြို့**

"ဗုံဗိုင်မြို့သည် မြို့သုံးမျက်နှာ၊ ဝန်းပင်လယ် ကာပြီးလျှင်၊ သေလာတောင်ရမ်း၊ ကာသမ်းရံဆို့ အဆိုင်ဆိုင်၊ မီးရထားလမ်း၊ မီးသင်္ဘောလမ်းတို့ ဆုံနိုင်သည်" လို့ တွေ့ရတယ်။

**ဂျင်နဝါမြို့**

အီတလီပြည် ဂျင်နဝါမြို့တည်ဟန်မှာ ပင်လယ် တစ်ခြမ်း၊ ထောင်တစ်ခြမ်း ဆိပ်ကမ်းသာယာလို့ ဖော်ပြထားတယ်။



မြန်မာသံတော်ကြီးတို့ မီးရထားစီးစဉ်ခေတ်က ရထားစက်ခေါင်း

**မဒရစ်မြို့တော်**

စပိန်ပြည်ရဲ့ မင်းနေမြို့တော် မဒရစ်က "ပစ္စင် ရင်တား၊ မြို့ရိုးနှင့် မြို့တံခါးဟု ပိုင်းခြား၍ နယ် မသတ်ဘဲ၊ ညီညွတ်လှသော မြေပြန့်တွင်၊ တိုက်အိမ် နှင့် လမ်းပန်း၊ တင့်တဆန်းများ" လို့ ဖော်ပြတယ်။

**အကောင်းတွေဖုံးသော ပါရစ်မြို့**

ပြင်သစ်ပြည် ပဲရစ်မြို့ကြီး တည်ဟန်မှာ - "မြင်လျှင်မြင်ချင်း၊ လူခပင်းတို့သည်၊ အူတွင်းက ရွှင်လာအောင်၊ သာယာတင့်တယ်နိုင်ပေစွ"

မြို့တစ်မြို့လုံး အကောင်းတွေဖုံးသဖြင့် အကောင်း ဆုံးမှန်သည်။ မြို့ပြည်ပတ်လည်ကြိုကြား၊ အညံ့ ရွေးသူ၊ ရှာနိုင်တဲ့လူဟာ၊ သိကြားမင်း" လို့ မှတ် ချက်ချထားတယ်။

**လမ်းပန်းကိစ္စ**

ပါရစ်မြို့ လမ်းပန်းဖောက်လုပ်ပုံ "လမ်းတချို့ က၊ ဖွဲ့လျက်နှင့်ကတ္တရာစေး၊ သဲမြေနှင့် ရောခါထွေး သဖြင့်၊ ကျောက်အင်းဂတေရောင်၊ ညီတဲ့ပြင်ပြောင် ချောချောကြီး ချောသည်ပင်" လို့ တွေ့ရတယ်။ ဦးခြိမ့် ဟာ မြို့တော်သစ် မန္တလေးလမ်းများအတွက် မျက်စိ ကျခဲ့ပုံရတယ်။ အမြင်သစ်လို့ သိရတယ်။

**မြို့ရေပေးဝေရေး**

မြန်မာသံတော်ကြီး ဦးခြိမ့်ဟာ မြို့တော်ရေပေး ဝေရေး၊ မီးထွန်းရေးများ မှတ်တမ်းပြုပြီး၊ ကာလ ကတ္တားမြို့ ရေပေးဝေရေးနဲ့ ရောမမြို့ရေပေးရေးများ ကို အသေးစိတ်ခြယ်မှုန်းခဲ့တယ်။ ကာလကတ္တား တွင် ရေးသုံးဖြန့်းနိုင်ပုံကို "နေ့တိုင်း နေ့တိုင်း၊ ဘရာ ဘွာ ဖြွမ်း ဖြွမ်း ဖြွမ်း ဖြွမ်း" လို့ ရေးစပ်ခဲ့တယ်။

မီးရထားကို ဂျော့စတီဖင်ဆန် (Geoge Stephenson) စတင်တီထွင်ပြီး ၁၈၂၉ ခုနှစ်က တစ်နာရီ ၁၂မိုင်ခွဲမှ ၂၄မိုင်ထိ ပြေးနိုင်တဲ့ "ရော့ ကက်"(ခေါ်)မီးရထားအင်ဂျင်တီထွင်တယ်။ အတော် တိုးတက်ကောင်းမွန်တဲ့ မီးရထားကို ဦးခြိမ့် စီးနင်း ခဲ့ကြောင်း မှတ်တမ်းရတယ်။

**ဥရောပထုံးစံဓလေ့**

ဦးခြိမ့်ဟာ စပိန်နန်းတော်တွင်းရောက်စဉ် ဥရောပထုံးစံ ဖိုမတွဲကခြင်းကို "ဤကဲ့သို့ ဘာသာ၊ ကခုန်ခြင်းကြောင်းအရာကို မြန်မာ့ထုံးနှင့်ချင့်၍၊ နှိုင်းသင့်တော့သည်မဟုတ်ရာ" လို့ မှတ်သားရတယ်။

**ခေတ်စမ်းမောင်(ခေါ်)သိပ္ပံမောင်ဝ ဝေဖန်ချက်**

ကောဇာသက္ကရာဇ် ၁၂၃၇ ခုနှစ်၊ တန်ဆောင် မုန်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ နံနက် တစ်ချက်တီးကျော် လေးမောင်းချိန်တွင် မန္တလေး၊ သံလျက်မော်ဆိပ်မှ ရေနန်းစကြာ သင်္ဘောတော်နှင့် စုန်ဆင်းကြသည်။ ရန်ကုန်မြို့တွင် "ပြည်မှူမင်းချင်း၊ ထောက်လှမ်း၍" တနင်္ဂနွေတစ်ပတ်ခန့်ကုန်တယ်။ ရန်ကုန်မြို့က ယာဉ်ပျံနှန်းစကြာနှင့်ထွက်ရာ၊ နတ် တော်လမှာ ကာလကတ္တားသို့ ဆိုက်ရောက်တယ်။ သံတဲအုတ်တိုက်မှာ နားတယ်။

ဒွတ်ဘုရင်မင်းမြတ် အိမ်ရှေ့မင်းသား ဘင်္ဂ လားသို့ တိုင်းခန်းလှည့်လာတယ်။ ကာလကတ္တား မှာ ၃၉ ရက်ခန့် နားနေတယ်။ မီးရထားဖြင့် ဗံကီ မြို့ ထွက်တယ်။ ဗုဒ္ဓဂယာ မဟာဗောဓိ ဖူးတယ်။ ဗံကီပူမြို့မှာ အဂ္ဂမဟာသေနာပတိ ကင်းဝန်မင်းကြီး ဦးကောင်းနှင့်ခွဲပြီး ဘုံဘိုင်သို့ ထွက်ခွာတယ်။

"ဗုံဗေမြို့အကြောင်း၊ ဘင်္ဂလားနှင့် စဉ်းစားချင့် ၍၊ နိမ့်မြင့်ဆိုးကောင်းဆိုအံ့။ ရေကိုဆိုလျှင် ဘင်္ဂါက၊ တစ်မြို့လုံးဝှန်၊ ရေစက်ကြီး၊ ပြွန်နှင့်မို့ သာလွန်နိုင် သည်။ မီးကိုဆို အတူတူ၊ လမ်းကိုချင့်ပြိုင်၊ မြို့ ဗုံဗိုင်ကသာအံ့သောဟူ၏" လို့ မှတ်တမ်းတင်ခဲ့တယ်။

ဘုံဘိုင်မြို့တွင် ၁၀ရက်ခန့်နေပြီး ဣတာလီယန် သင်္ဘောနှင့် ထွက်လာရာ ဧဒင်မြို့၊ ဆွစ်မြို့၊ ပို့ဒ် ဆက်မြို့ သင်္ဘော ခေတ္တဆိုက်တယ်။ ၁၂၃၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော်မှာ မြေထဲပင်လယ်ထဲ ရောက် တယ်။ ဒုက္ခကြုံရတယ်။ ပင်လယ်မိုက်ကြီး ထုံပေပေ ဟု ရေးခဲ့တယ်။

ပေါ့တဆေး(ပို့ဆက်)မှ ငါးညနှင့် ခြောက်ရက် တွင် မစ်စီနာ့ရောက်ပြီး တစ်ညကြာသော် ဣတလီ မင်းနေပြည် နပေါလိ(နေပေါလ်)ရောက်တယ်။ အစိုးရအမှုထမ်း ကြိုဆိုရေးအဖွဲ့က ရူဒရိယဟိုတယ် ကို ခေါ်ဆောင်တယ်။

နပေါလိရောက်ပြီး လေးရက်ကြာမှာ ဣတလီ ဘုရင်မင်းမြတ်နှင့် မြန်မာသံတော်များ တွေ့ဆုံခွင့် ရတယ်။

နပေါလိမှာ တနင်္ဂနွေတစ်ပတ်နားပြီး ရောမ မြို့သို့ ထွက်ခဲ့ကြတယ်။ တိုင်းရောမတွင် ခန့်ထား သမျှ သံတို့နှင့်ဆက်ဆံနီးနှောကြပေရာလို့ ရေးထား ရာ မင်းတုန်းမင်းတရားကြီးရဲ့ အမြင်ကျယ်ပုံကို ချီးမွမ်းရပါမယ်။



မြန်မာသံတော်ကြီး ဦးခြိမ့်

ရောမမှာ ခြောက်လခန့်နေပြီး ၁၂၃၈ ခုနှစ်၊ တော်သလင်းလမှာ ဂျင်နဝါမြို့သို့ ရွှေ့ရတယ်။ ဣတာလျံဟိုတယ်မှာ တည်းရတယ်။

မြန်မာပြည်ကပညာတော်သင်များ ရောက်လာ လို့ ပညာတော်သင်တွေကို တုရင်မြို့မှာ အပ်နှံပေး ရတယ်။

ဂျင်နဝါမြို့မှာ တော်သလင်းမှ ပြာသိုလတိုင်း လေးလခန့်အကြာ စပါညိုနိုင်ငံ မာဒရစ်မင်းနေပြည် သို့ ကူးတယ်။ စပါညိုဘုရင်က ကောင်းစွာကြို ဆိုတယ်။

စပါညိုနိုင်ငံ(စပိန်ပြည်)မှာ ရက် ၂၀ခန့်နေပြီး ပူတကေနိုင်ငံ(ပေါ်တူဂယ်)လစ္စဗံမြို့ ရောက်တယ်။ ကိုဘရော်လတာဟိုတယ်မှာ နေရာချထားပေးတယ်။

လစ္စဗံမှာ ရက် ၂၀မျှနေပြီး ပြင်သစ်နိုင်ငံ၊ ပါရစ်မြို့သို့ ကူးရတယ်။ ပါရစ်မြို့တော်မှာ ၁၃ ရက်ခန့်နေပြီး ၁၂၃၈ ခုနှစ်၊ တန်ခူးလမှာ သံတော် များဟာ တုရင်မြို့ကို ထွက်ခွာရတယ်။ နှင်းခဲတွေ ကျတယ်။

တုရင်ရောက်သောအခါ "မြန်မာသံတော်များ၊ ထိုထိုပြည်စံ၊ ကြွင်းသမျှနိုင်ငံများသို့၊ ထပ်မံ၍ မသွားဘဲ၊ ရပ်နားငံ့လင့်ကြစေဦး" လွှတ်တော်က ရိုက်လိုက်တဲ့ ကြေးနန်းရလို့၊ ဂျင်နဝါမြို့သို့ ပြောင်း ရတယ်။ သုံးရက်အကြာမှာ "မြန်မာသံတော် အပေါင်းသည် မြန်ရွှေပြည်သို့ ပြန်လည်ခဲ့ကြရမည်" ကြေးနန်းစာကို ရပြန်တယ်။ ၁၂၃၉ ခုနှစ်၊ ကဆုန် လအတွင်း မြန်မာပြည်သို့ ပြန်လာခဲ့ကြရသတည်း။

(ခေတ်စမ်းမောင်)

သိပ္ပံမောင်ဝရဲ့ ဝေဖန်ချက်ကို လေ့လာတွေ့ ရှိရတယ်။

အားလုံးကို ခြုံငုံသုံးသပ်လျှင် မန္တလေးရတနာပုံ နေပြည်တော်၊ မင်းတုန်းမင်းတရားကြီးရဲ့ အမြော် အမြင်ကြီးမှု၊ မြန်မာနှင့် ဥရောပနိုင်ငံများဆက်ဆံ ရေးအဆင့်မြင့်ပုံ၊ မြောင်လှမြို့စားမင်းကြီး၊ သီရိ မဟာဇေယျသူဘွဲ့ခံ၊ မြန်မာသံတော်ကြီးဦးခြိမ့်ရဲ့ ပူတကေ စပိန် အီတာလျံသွား မှတ်တမ်းဟာ ခမ်းခမ်းနားနား ပြုစုရေးခဲ့ကြောင်း သိရတယ်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတိုင်းရဲ့ စာအုပ် စင်မှာ သိမ်းဆည်းစုဆောင်းထားရမယ့် စာအုပ် ကောင်းလို့ ညွှန်းဆိုချင်တယ်။

ဤစာရေးသူ မြန်မာသံတော်ကြီးဦးခြိမ့်ကို လည်း ကမ္ဘာ့အဆင့်မီပညာရှင် စာဆိုတော်ကြီး အဖြစ် ကြည်ညိုဦးခိုက်ပူဇော်လိုက်ရပါတယ်။

**မောင်သန်း(မဟာဝိဇ္ဇာ)**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း


**ကျောက်ဆည် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်တင်ထွေးက ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် စက်တင်ဘာ ၉ ရက်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(အောက်ပုံ)**



ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအောင်ကိုကိုဇော်က စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် မြို့နယ်စာရေးဆရာအသင်းအနေဖြင့် ကလေးများနှင့်သင့်တော်သည့် ဝတ္ထု၊ ကာတွန်း၊ ကဗျာ၊ စသဖြင့် စာအုပ်၊ စာပေများကို ပြခန်း(၁)ခန်းအဖြစ် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ရာ တက်ရောက်လာသည့် စာရေးဆရာများက ကဏ္ဍအလိုက် ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ အမှတ်ပေးစည်းမျဉ်းများ စနစ်တကျရေးဆွဲရေးများ ပြန်လည်ဆွေးနွေးခဲ့ရာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (၄စ၅)



# ဌာနပေါင်းစုံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပ

**ဟိုပုံး ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသအဆင့်ဌာနဆိုင်ရာများ စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၆ နာရီက ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်ဌာနဆိုင်ရာများက ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းသည်။ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသအဆင့်ဌာနဆိုင်ရာများသည် ဆရာတော်၊ သံဃာတော်များအား သြကာသကန်တော့ချီးဖြင့် ရှိခိုးကန်တော့၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တုံခမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာလောကထံမှ ငါးပါးသီလကို ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်က ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုပြီး ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်ဌာနဆိုင်ရာများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်ဌာနဆိုင်ရာများက အနုမောဒနာတရားနာယူ ကြည်ညိုကြပြီး လှူဒါန်းမှုအစုအစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ (၃၆၈)

# စာဖတ်ရှိန်မြှင့်တင်ရေး သုတရသစာအုပ်များ လှူဒါန်းပွဲ ကျင်းပ

**တပ်ကုန်း ဇူလိုင် ၂၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာဖတ်ရှိန်မြှင့်တင်ရေး သုတရသစာအုပ်များ လှူဒါန်းခြင်းကို ယမန်နေ့မွန်းလွဲ ၃ နာရီက အဆိုပါဦးစီးဌာနလူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ စာအုပ်လှူဒါန်းမှုတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က သုတရသစာအုပ်များ လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရဦး၊ ဦးစီးအရာရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်အေးအေးမိုးနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများမှ စာကြည့်တိုက်မှူးများနှင့် အခြေခံပညာ ကျောင်းများတွင် တာဝန်ယူ ဆောင်ရွက်ပေးသည့် စာကြည့် တိုက်မှူးများအား သုတရသစာ အုပ်များပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**




# နှင်းပန်းနှင့် သီးညှပ်အဖြစ် ထိုင်ဝမ်ပူးစားပြောင်း ရောနှောစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်း

**နတ်မောက် ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊နတ်မောက်မြို့နယ်တွင် ဆောင်းရာသီ၌ ဘုရားပန်းများဖြစ်သည့် မေမြို့ပန်း၊ ကြယ်တာရာ၊ ဂန္ဓမာ၊ သစ္စာပန်း၊ နှင်းပန်းများ စိုက်ပျိုးရောင်းချလေ့ရှိပြီး ပန်းမျိုးစုံအနက် နှင်းပန်းမျိုးသည် မြေသားထဲတွင် ဥချစိုက်ပျိုးထားခြင်းကြောင့် မျိုးတုန်းသွားခြင်းမရှိဘဲ ရာသီချိန်၌ ပြန်လည်ရှင်သန်လျက်ရှိသည်။

နှင်းပန်းကို မူလစတင်စိုက်ပျိုးစဉ်ကပင် မြေအားစနစ်တကျပြုပြင်ကာ လေးကွက်ကြား စိုက်ပျိုးထားရှိပါက နွားဖြင့် ထွန်ယက် မြေပြုပြင်ရန်အဆင်ပြေကြောင်း မေလနောက်ဆုံးပတ်တွင် စတင်ရွာသွန်းခဲ့သည့် မိုးရေအစိုဓာတ်ဖြင့် နှင်းပန်းများ ပြန်လည်ထွက်ရှိ ရှင်သန်လာချိန်တွင် ထိုင်ဝမ်ဖူးစားပြောင်းများကို နှင်းပန်းတန်းကြား၌ စနစ်တကျစိုက်ပျိုးထားရှိကာ မြေဩဇာကျွေးခြင်း၊ မိုးမရွာသည့်အချိန်တွင် မြေအောက်ရေကို စက်ဖြင့်တင်၍ ရေပေးသွင်းခြင်းပြုရကြောင်း ဒေသခံတောင်သူများထံက သိရသည်။ **(အောက်ဝဲပုံ)**

ယခုအခါ နှင်းပန်းများ စတင်ဖူးပွင့်လာပြီဖြစ်၍ ဈေးကွက်သို့ လက်ကားဈေးနှုန်း နှင်းပန်း(၁)ခက်ကို ငွေကျပ် ၁၀၀ ဖြင့် ရောင်းချရကြောင်း၊ နှင်းပန်းတန်းကြားတွင် သီးညှပ်အဖြစ် စိုက်ပျိုးထားသည့် ထိုင်ဝမ်ဖူးစားပြောင်းများသည်လည်း အဖူးများစတင်ဖူးပြီဖြစ်၍ နောက်ထပ်ရက်ပေါင်း ၄၀ ခန့်တွင် စားသုံးနိုင်တော့မည်ဖြစ်ကြောင်း ထိုင်ဝမ်ဖူးစားပြောင်းကို နှင်းပန်းတန်းကြားတွင် သီးညှပ်အဖြစ် စိုက်ပျိုးခြင်းကြောင့် နှင်းပန်းအထွက်နှုန်းကိုမထိခိုက်ဘဲ ထိုင်ဝမ်ဖူးစားပြောင်းဖူးခူးယူရောင်းချခြင်းကြောင့်လည်း ဝင်ငွေတိုးလာမည်ဖြစ်ကြောင်း စိုက်ပျိုးသူ လက်ခုပ်ပင်ကျေးရွာမှ ဒေါ်ဝင်းထွေးထွေးက ပြောသည်။(၄၇၂)

# ရေဆိုးထုတ်မြောင်းရှိ အမှိုက်သရိုက်များနှင့် သဲနုန်းများ ဆယ်ယူရှင်းလင်း

**ပွင့်ဖြူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးတွင်းကာလ မြို့တွင်း ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေကြီးရေလျှံမှုအန္တရာယ် ကင်းဝေးစေရန်ရည်ရွယ်၍ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ဝန်ထမ်းများ စုပေါင်းအဖွဲ့က စက်ယန္တရားဖြင့် ရေဆိုးထုတ်မြောင်းများအတွင်းရှိ ပိတ်ဆို့နေသော သဲနုန်းများနှင့် အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ စုပေါင်းအဖွဲ့က မိုးတွင်းကာလ မြို့တွင်း ရေကြီးရေလျှံမှုအန္တရာယ် ကင်းဝေးစေရန် ဆောင်ရွက်ထားရှိသော ရေဆိုးထုတ်မြောင်းအား ရေစီးရေလာကောင်းမွန်စေရန် မြောင်းအတွင်း ပိတ်ဆို့နေသော သဲနုန်းများနှင့် အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ ချုံနွယ်များနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို စက်ယန္တရားတစ်စီးဖြင့် စနစ်တကျ စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)



ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပွင့်ဖြူမြို့အား မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်အတွက် ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားများနှင့် ရေနုတ်မြောင်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က ပြောသည်။ (၄၄၅)



# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၇)နှစ်မြောက်အခမ်းအနား ကျင်းပ




နေပြည်တော် ဇူလိုင် ၂၉

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၇)နှစ်မြောက် အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညွှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး တက်ရောက်သည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညွှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် အဆိုပါ အခမ်းအနား ကျင်းပသည့်နေရာသို့ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Cao Jing၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Zheng Zijie နှင့် တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၉၇) နှစ်မြောက် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Zheng Zijie က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညွှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တရုတ်စစ်သံမှူးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၇)နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။(အပေါ်ပုံ)

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တရုတ်စစ်သံမှူးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညွှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအားကစားပွဲတော်တွင် နောက်ဆုံးအတည်ပြုစာရင်းများအရ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အုပ်ချုပ်သူ/ နည်းပြနှင့် အားကစားသမား အင်အား စုစုပေါင်း ခန့်မှန်း ၆၆၇၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ မသန်စွမ်း အားကစားနည်း လေးနည်းကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ဆပ်ကော်မတီအလိုက် ကုန်ကျနိုင်မည့် လျာထားအသုံးစရိတ် အသေးစိတ်စာရင်းများကို တင်ပြပေးရန်နှင့် ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ပေးရန် ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သတ်မှတ်ခွင့်ပြုငွေ ပမာဏအပေါ် မူတည်၍ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကောင်းဆုံး ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို နိုင်ငံတော်အဆင့်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အများပြည်သူ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးနိုင်စေရေးအတွက် အခမ်းအနားများတွင် မီးရှူးမီးပန်း ပစ်ဖောက်နိုင်ရေး၊ အခမ်းအနား ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးကိစ္စများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအားလုံး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ဆပ်ကော်မတီအလိုက် ဘဏ္ဍာငွေသုံးစွဲရန် လျာထားကုန်ကျစရိတ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြကြရာ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲတွင် မြန်မာယူ-၁၂ အသင်း ကစားရမည့် အုပ်စုပွဲစဉ်များ

ဂျပန်နိုင်ငံ၊ ချီဘားမြို့တွင် လာမည့် ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်မည့် (၁၂)ကြိမ်မြောက် U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၂ အသင်းသည် အုပ်စု(D)၌ Tozuka Football Club Junior၊ Kashima Antlers Norte၊ FC Basara Hyogo စသည့် ဂျပန်အသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

မြန်မာယူ-၁၂ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၂၀ မိနစ်တွင် Tozuka Football Club Junior အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၀ ရက် နံနက် ၇ နာရီ ၂၀ မိနစ်တွင် FC Basara Hyogo အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

